**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**စတုတ္ထနေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁ဝ:ဝ၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၁၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂ဝ၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁ဝ:ဝ၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝ:ဝ၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂ဝ၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၈ - ၅ - ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များမှာ ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးဆီဟူးဒွေ့၊ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲတက်ရောက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ကုသ။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးကြီးစိုးရွှေ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးချုပ်ချစ်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်

ထမ်းဆောင်ရန်။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်နှင့် ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေးတို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထား သူ(၃၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဝက်မကျေးရွာအုပ်စု၊ ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဝက်မကျေးရွာအုပ်စု၊ ဝက်မကျေးရွာ ကျေးလက် ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၀။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစား အပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဝက်မကျေးရွာအုပ်စု၊ ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန (ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဝက်မကျေးရွာအုပ်စု၊ ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဟာ ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း(၅၀)ကျော် ကြာနေခဲ့ပြီဖြစ်ပါတယ်။ ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဟာ ဆမီးတိုက်နယ်ဆေးရုံနှင့် ရေမိုင်(၃၀)ခန့်၊ ပလက်ဝမြို့ပြည်သူ့ဆေးရုံနှင့် ရေမိုင်(၃၀)ကျော် ကွာဝေးသောနေရာတွင် တည်ရှိသော ကျေးလက်ကျန်မာရေးဌာနခွဲဖြစ်ပါတယ်။ ဝက်မကျေးရွာနဲ့ အနီးဝန်းကျင်ရှိကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများဟာ ယနေ့အထိ ရေကြောင်းခရီးကိုသာ အဓိကအားထားပြီး သွားလာနေကြရသည့် အတွက် မိုးရာသီတွင် ရေကြီးရေလျှံမှုများ နှစ်စဉ်ကြုံတွေ့နေရပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲ သည့်ဒေသ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝက်မကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံရန် သွားရောက်စဉ်က ဒေသခံပြည်သူများ၏ တင်ပြချက်၊ ကိုယ်တိုင်တွေ့ရှိချက်အရ ဝက်မကျေးရွာ အုပ်စုအနီးဝန်းကျင် ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများဟာ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာ မရရှိသေးကြောင်း သိရှိရပါတယ်။ ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပါက ဝက်မကျေးရွာအုပ်စုအတွင်းရှိ အ.ထ.က ကျောင်းတည်ရှိသော မိတ်စာဝကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာအုပ်စုများဖြစ်သော ဆားဝ အုပ်စု၊ ပျဉ်ဝအုပ်စုနှင့် ကြက်ချောင်းအုပ်စုများတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များ တိုးချဲ့ ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါတယ်။

၎င်းကျေးရွာအုပ်စုများအတွင်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များ ဖွင့်လှစ်ပေးပါက ကျေးလက်နေပြည်သူများဖြစ်သော သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ ဒေသခံပြည်သူများနှင့် ခရီးသွားလာနေသော ပြည်သူများအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှု ပြည့်ဝစွာ ရရှိမည်ဖြစ်ပါတယ်။ ဝက်မကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ကျေးရွာအုပ်စုများအတွင်းတွင် ကျေးလက်နေပြည်သူများ (၆၀၀၀)ဦးခန့် နေထိုင်ကြကြောင်း လေ့လာသိရှိရပါတယ်။ ထို့ကြောင့် ဒေသလိုအပ်ချက်အရ ကျေးလက်နေပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဝက်မကျေးရွာအုပ်စု၊ ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေး

ဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ နောက်မီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခုချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ နောက်မီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခုချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဦးသိမ်းဆွေ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေခင်ဗျား။ ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ နောက်မီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခုချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ Power Point အသုံးပြုခွင့်ပေးဖို့ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ နောက်မီးကျေးရွာသည် ပင်လယ်ဝမှာ တည်ရှိတဲ့ကျေးရွာဖြစ်ပြီးတော့ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများများပြားတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည် စတဲ့ ရေထွက်ကုန်ပစ္စည်းများကို တစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချနေတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်ခြင်း၊ ကျေးရွာလူထု စုစည်းညီညွတ်ခြင်းဖြင့် ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြပါတယ်။ အထက်တန်းကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ ရဲကင်းစခန်းများလည်းရှိပါတယ်။ ရဲကင်းစခန်းအတွက် ကျေးရွာမှ မြေ(၃)ဧက လှူဒါန်းပေးခဲ့ပါတယ်။ ယခု တင်ပြနေတဲ့ နောက်မီးကျေးရွာတိုက်နယ်ဆေးရုံအတွက် မြေ(၄.၃၇)ဧကကိုလည်း လှူဒါန်းခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြနေတဲ့ နောက်မီးကျေးရွာမှာ တိုက်နယ်ဆေးရုံသာ ဖွင့်လှစ်ခွင့်ရမယ်ဆိုရင် ရေိယာအကျယ်အဝန်း(၃၆)စတုရန်းမိုင်ကို အကျိုးပြုနိုင်မှာဖြစ်ပြီး နောက်မီးကျေးရွာအုပ်စု၊ ဆိပ်မကျေးရွာအုပ်စု၊ ဘိုးဘကုန်းကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာအုပ်စုတို့ကို လွှမ်းခြုံအကျိုးပြုနိုင်မှာဖြစ်ပါတယ်။ အဲဒီကျေးရွာအုပ်စုထဲမှာ ပါဝင်တဲ့ (၅၇၁၅) အိမ်ထောင်စုနဲ့ လူဦးရေ(၂၅၆၂၃)ယောက်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အားကောင်းစေမှာဖြစ်ပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားတွေ လိုလားတောင့်တတဲ့ တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် နေရာဒေသရွေးချယ်ရေး အခြေခံမူများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကိုယ်စားလှယ်တစ်ဦးရဲ့ ကြယ်ပွင့်မပြ မေးခွန်းအပေါ်မှာ ၁၇-၁၂-၂၀၁၈ ရက် နေ့စွဲနဲ့ ပြန်လည် ဖြေကြားပေးပို့ခဲ့တာကို မှတ်သားထားရှိခဲ့ရပါတယ်။ တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် နေရာဒေသရွေးချယ်ရေးအခြေခံမူများမှာ (က) မှ (စ) အထိ အချက်အလက်များ ပြည့်စုံဖို့လိုကြောင်း ဖြေကြားထားပါတယ်။ တိုက်နယ်ဆေးရုံဖွင့်လှစ်ချင်တယ်ဆိုရင် ၁၉၉၄ ခုနှစ်၊ အခြေခံမူများနဲ့ ကိုက်ညီဖို့လိုကြောင်း ဖြေကြားပေးထားပါတယ်။

ပထမဆုံး (က)အချက်နဲ့ပတ်သက်ပြီးတော့ နောက်မီးကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းဖွဲ့စည်းပုံနဲ့ နောက်မီးကျေးလက်ကျန်းမာရေးဌာနရဲ့ လွန်ခဲ့သော (၅)နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို Slide နဲ့ ဖော်ပြပေးထားပါတယ်။ (ခ) အချက်နဲ့ ပတ်သက်လို့ကတော့ နောက်မီးကျေးရွာတိုက်နယ်ဆေးရုံဆောက်လုပ်ရန် မြေကေ(၄.၃၇)ကေကို ကျေးရွာပြည်သူများမှ ဝယ်ယူလှူဒါန်းပြီးဖြစ်ပါတယ်။ ဒီဓာတ်ပုံကတော့ တိုက်နယ်ဆေးရုံဖြစ်မြောက်ဖို့အတွက် ကြိုးစားနေကြတဲ့ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးကော်မတီဝင်တွေ ဖြစ်ပါတယ်။ (ဂ) အချက်နဲ့ ပတ်သက်လို့တော့ ကျေးရွာပြည်သူများအနေနဲ့ လိုအပ်တဲ့မြေနေရာကို လှူဒါန်းပြီးဖြစ်ခြင်းနဲ့ အဆောက်အအုံဆောက်လုပ်မယ့် ကုန်ကျငွေရဲ့ သုံးပုံတစ်ပုံကို ကျခံလှူဒါန်းပါမယ်ဆိုတဲ့ အကြောင်းကို လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေ နယ်မြေကို လွှတ်တော်အတွေ့အကြုံ ရှင်းလင်းတဲ့အခါမှာ ကျေးရွာရပ်မိရပ်ဖတွေက တင်ပြခဲ့ကြပါတယ်။

(ဃ) အချက်နဲ့ ပတ်သက်လို့ကတော့ ဖျာပုံမြို့နယ်ဆေးရုံနဲ့ နောက်မီးကျေးရွာဟာ ရေလမ်း (၆၀)မိုင် ပဲ့ထောင်နဲ့ (၈)နာရီခရီးသွားရပါတယ်။ ကုန်းလမ်းကို (၅၁)မိုင်၊ ကားနဲ့ (၂)နာရီနဲ့ (၃၀)မိနစ်သွားရပါတယ်။ ဒေါ်ညိမ်းတိုက်နယ်ဆေးရုံနဲ့ကတော့ ရေလမ်း(၁၇)မိုင်၊ ကုန်းလမ်း(၁၆)မိုင်ဝေးပါတယ်။ အမာတိုက်နယ်ဆေးရုံနဲ့တော့ ရေလမ်း(၁၈)မိုင်၊ ကုန်းလမ်း(၁၇)မိုင် ဝေးကွာပါတယ်။ (င) အချက်နဲ့ ပတ်သက်လို့ကတော့ ဖျာပုံမြို့နယ်၊ နောက်မီးကျေးလက်ကျန်းမာရေးဌာနကနေ တာဝန်ယူနေရတဲ့ လူဦးရေစာရင်းတွေကို ဖော်ပြထားတာဖြစ်ပါတယ်။ နောက်မီး၊ ဦးပေ၊ တောကြိုး၊ မခွေးကွင်း၊ ဖိုးထူးတောင်ယာတို့က အိမ်ထောင်စုပေါင်း အားလုံးဆိုရင် (၃၀၃၉)အိမ်ထောင်စု၊ လူဦးရေက (၁၃၈၈၅)ဦး ဖြစ်ပါတယ်။ နောက်မီးကျေးရွာနဲ့ အနီးဆုံးဖြစ်တဲ့ ဖျာပုံမြို့နယ်၊ ဆိပ်မကျေးလက် ကျန်းမာရေးဌာနမှ

တာဝန်ယူနေရတဲ့ လူဦးရေစာရင်းတွေဖြစ်ပါတယ်။ ဆိပ်မ၊ ရိုးကုန်း၊ ကျောင်းကုန်း၊ နှစ်ခြား၊ ဘိုးဘကုန်း အားလုံး အိမ်ထောင်စုပေါင်းဆိုရင် (၂၆၇၆)အိမ်ထောင်စုနဲ့ လူဦးရေ(၁၁၇၃၈)ဦး ဖြစ်ပါတယ်။

ဒါကြောင့် တိုက်နယ်ဆေးရုံပေါ်ပေါက်လာရင် အိမ်ထောင်စုပေါင်း(၅၇၁၅)နဲ့ လူဦးရေပေါင်း (၂၅၆၂၃)ဦးကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ လုံခြုံရေးနဲ့ ပတ်သက်လို့တော့ နောက်မီးကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်မယ့် မြေနေရာနဲ့ (၅)ဖာလုံမှာ ရဲစခန်းရှိပါတယ်။ ဒီအတွက် လုံခြုံရေး အထူးကောင်းမွန်ပါတယ်။ (စ) အချက်နဲ့ ပတ်သက်လို့ကတော့ ကျေးရွာပေါင်း(၂၆)ရွာက မြို့နယ် ဆေးရုံသွားဖို့ ခက်ခဲတဲ့ နောက်မီးကျေးရွာနဲ့ အနီးဆုံး ဆက်စပ်နေတဲ့ ကျေးရွာတွေဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဖြေကြားထားတဲ့ သတ်မှတ် အခြေခံအချက်အလက် (က) မှ (စ) အထိ အချက်(၇)ချက်နဲ့ ကိုက်ညီတဲ့ နောက်မီး တိုက်နယ် ဆေးရုံကို ခွင့်ပြုပေးဖို့ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နောက်မီးကျေးရွာတိုက်နယ်ဆေးရုံဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကော်မတီဝင်များ၏ မြင်ကွင်းပုံ (စ)



နောက်မီးကျေးရွာတိုက်နယ်ဆေးရုံဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကော်မတီဝင်များ၏ မြင်ကွင်းပုံ (စ-၁)



လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ နယ်မြေသို့ရောက်ရှိစဉ် ကျေးရွာ ရပ်မိရပ်ဖတို့နှင့် တွေ့ဆုံသည့် မြင်ကွင်းပုံ (စ-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ စစ်ကိုင်း တိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာဟာ အိမ်ခြေ(၉၀၂)အိမ်ရှိပြီးတော့ အိမ်ထောင်စု ပေါင်း(၁၀၀၁)ခု ရှိပါတယ်။ လူဦးရေပေါင်း(၄၄၈၅)ဦး ရှိပါတယ်။ မြောင်မြို့နယ် ကားလမ်းအရ (၂၄)မိုင် ဝေးပါတယ်။ ထို့အတွက် မြောင်မြို့နယ် ပြည်သူ့ဆေးရုံနဲ့ သွားမယ်ဆိုရင် (၂၄)မိုင်ခရီးသွားရပါတယ်။ မကျီးဘုတ် တိုက်နယ်ဆေးရုံနဲ့ (၆)မိုင်ကွာဝေးပါတယ်။ ယခုလက်ရှိကျန်းမာရေးဌာန(ခွဲ)အဆင့်မှ ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပါက မြို့နယ်ရှိကျေးရွာများမှ ကျေးရွာပေါင်း(၁၀)ရွာ၊ လူဦးရေပေါင်း(၁၃၃၆၉)ဦးအား လွှမ်းခြုံလျက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာ ဖြစ်ပါတယ်။ မိုးရာသီမှာ မြို့နယ်ဆေးရုံနဲ့ တိုက်နယ်ဆေးရုံတို့ သွားလာရေးခက်ခဲမှုရှိပါတယ်။

မြို့နယ်ဆေးရုံနဲ့ တိုက်နယ်ဆေးရုံသို့ သွားရောက်ရန် ခက်ခဲသောနယ်မြေများမှ လူနာ များဟာ တွင်းကြီးကျေးရွာကို အလွယ်တကူလာရောက် ဆေးကုသနိုင်တဲ့နေရာလည်း ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဟာ ၁၉၆၂-၁၉၆၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဌာန(ခွဲ) မြေနေရာ အပါအဝင် အလှူရှင်များမှ လှူဒါန်းထားတဲ့ မြေဧရိယာဟာ (၂.၁၂)ဧကကျော်ခန့် ရှိပါတယ်။

ပညာရေးကဏ္ဍအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်း၊ မူလတန်းကျောင်း(၂)ကျောင်းနဲ့ ဘုန်းတော်ကြီးသင်ကျောင်း(၇)ကျောင်း ရှိပါတယ်။ ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်မှု၊ အကူအညီပေးမှု၊ စိတ်ပါဝင်စားမှုများ အပြည့်အဝရှိပြီး ကျန်းမာရေးဌာန ဖွင့်လှစ်ခွင့်ရရှိရန် အလွန်အမင်း စိတ်အားထက်သန်နေကြပါတယ်။

သို့ဖြစ်ပါ၍ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတစ်ဝန်း အသစ်ထပ်မံဆောက်လုပ်မည့် ဆေးရုံနှင့်စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ အပါအဝင် နိုင်ငံပိုင်အဆောက်အအုံများတွင် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံမျိုး ထည့်သွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ က နိုင်ငံတစ်ဝန်း အသစ်ထပ်မံဆောက်လုပ်မည့် ဆေးရုံနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ အပါအဝင် နိုင်ငံပိုင်အဆောက်အအုံများတွင် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံမျိုး ထည့်သွင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၀။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲဆန္ဒရှင်ပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မ မေးမြန်းမယ့် မေးခွန်းကတော့ နိုင်ငံတစ်ဝန်း အသစ်ထပ်မံဆောက်လုပ်မည့် ဆေးရုံနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ အပါအဝင် နိုင်ငံပိုင်အဆောက်အအုံများတွင် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံမျိုး ထည့်သွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဌာနဆိုင်ရာများနှင့် နိုင်ငံပိုင်အဆောက်အအုံများမှာ မသန်စွမ်းသူများအသုံးပြုနိုင်တဲ့ လျှောက်လမ်းပါဝင်တဲ့ အထောက်

အကူပြုပုံစံတွေကို ထည့်သွင်းဆောက်လုပ်ခဲ့ခြင်းမရှိသည်ကို တွေ့ရှိခဲ့ရပါတယ်။ ယခင်ကာလတွေကတော့ မသန်စွမ်းသူတွေဟာ မိမိတို့ရဲ့ဘဝတွေကို အားငယ်ရှက်ရွံ့စိတ်တွေနဲ့ အများပြည်သူကြား သွားလာလှုပ်ရှားမှုတွေ နည်းပါးခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒါဟာ သိပ်ပြီးတော့ အခက်အခဲတစ်ခုအနေနဲ့ မကြီးမားခဲ့သော်လည်း ယနေ့ပြောင်းလဲတိုးတက်လာတဲ့ ဒီနောက်ပိုင်းနှစ်တွေမှာ မသန်စွမ်းသူတွေရဲ့ အခန်းကဏ္ဍဟာ ပုံမှန်ပြည်သူများနဲ့ တန်းတူဖြစ်လာပြီးတော့ ၎င်းတို့ကိုယ်တိုင် သွားလာလှုပ်ရှားမှုတွေ များပြားလာတာကို တွေ့ရှိရပါတယ်။

ဒီလို သွားလာလှုပ်ရှားမှု များပြားလာတဲ့နေရာမှာ သူတို့ အခက်အခဲများစွာ ကြုံတွေ့နေရတာကိုလည်း တွေ့ရှိရပါတယ်။ သူတို့နဲ့တွေ့တိုင်း သူတို့ရဲ့ လိုအပ်ချက်တွေ တောင်းဆိုတဲ့နေရာမှာလည်း ဒီအချက်က အများဆုံးဖြစ်နေတာကိုလည်း ကျွန်မတို့ တွေ့ရှိရပါတယ်။ ဒီလိုမျိုး မသန်ပေမယ့်စွမ်းတဲ့ ပြည်သူတွေအတွက် ထည့်သွင်းစဉ်းစားပြီးတော့ အသစ်ထပ်မံ ဆောက်လုပ်မယ့် ဆေးရုံ၊ စာသင်ကျောင်းနဲ့ ဌာနဆိုင်ရာ အဆောက်အအုံတွေ အပါအဝင် နိုင်ငံပိုင် အဆောက်အအုံတွေမှာ မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လျှောက်လမ်း ပါဝင်တဲ့ အထောက်အကူပြုပုံစံမျိုး ထည့်သွင်းဆောက်လုပ်ရန် လိုအပ်လာပြီ ဖြစ်ပါတယ်။ ဒီလို ထည့်သွင်းဆောက်လုပ်ခြင်းအားဖြင့် မသန်စွမ်းသူတွေအပေါ် အစိုးရက အလေးထားခြင်းကိုလည်း ပိုမိုထင်ရှားစွာ ပြသရာရောက်တဲ့အတွက် ၎င်းတို့အနေနဲ့ နိုင်ငံနဲ့ လူမှုပတ်ဝန်းကျင်မှာ ပိုမိုကြိုးစားလာစေဖို့နဲ့ နိုင်ငံအဝန်းမှာရှိတဲ့ မြောက်မြားစွာသော မသန်စွမ်းသူတွေရဲ့ စိတ်ဓာတ်ခွန်အားကို ဖြည့်ဆည်းပေးရန်လည်း ရည်ရွယ်ပြီးတော့ ဒီလိုမေးမြန်း တောင်းဆိုရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်ဝန်းရှိ နိုင်ငံပိုင်အဆောက်အအုံများမှာ မသန်စွမ်းသူများအတွက် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်မယ့် အစီအမံများ ထားရှိပေးပါရန်နဲ့ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ လေးမြေကျေးရွာအုပ်စု၊ လေးမြေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၃။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ လေးမြေကျေးရွာအုပ်စု၊ လေးမြေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၃။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း တစ်ရပ်ကို မေးမြန်းအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ လေးမြေ ကျေးရွာအုပ်စု၊ လေးမြေကျေးရွာတွင် ၈-၁၀-၂၀၁၄ ရက်နေ့မှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံ ဆောက်လုပ်ပြီးစီးခဲ့၍ ကျေးရွာပြည်သူများမှ ခွင့်ပြုချက်စောင့်မျှော်နေခဲ့ရပြီး ယခု အချိန်မှာ အမှန်တကယ် အလိုအပ်ဆုံးဖြစ်တဲ့ လေးမြေကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ခွင့်ရရှိဖို့ရာ အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လေးမြေကျေးရွာဟာ မုံရွာခရိုင်၊ ဘုတလင် မြို့နယ်၊ ချင်းတွင်းမြစ်ကမ်းဘေးမှာ တည်ရှိတဲ့ရွာ ဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရေကြီးပါက တစ်ရွာလုံး အနိမ့်ပိုင်းမှာ ရေဝင်ပါတယ်။ ဆောက်လုပ်ပြီးစီးထားတဲ့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကတော့ ကုန်းမြင့်မှာရှိလို့ ရေမဝင်ပါဘူး။ လေးမြေကျေးရွာဟာ လူနေထူထပ်ပါတယ်။ သမ္ဘောကျေးရွာနဲ့ ပေါင်းမယ်ဆိုရင် (၂၇၀၀)ကျော် ရှိပါတယ်။ ဆင်းရဲတဲ့ တောသူတောင်သားများ ဖြစ်ကြပါတယ်။ လယ်ယာလုပ်ကိုင်သူများနဲ့ ကွမ်းခြင်းရက်လုပ်ငန်းများနဲ့ အသက်မွေးကြပါတယ်။ ဘုတလင်မြို့နဲ့ (၁၀)မိုင်(၃)ဖာလုံ ဝေးကွာပါတယ်။ ဆက်သွယ်တဲ့ လမ်းကြောင်းများဟာ မြေသားများဖြစ်လို့ သွားလာရ အဆင်မပြေပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပတ်ဝန်းကျင် အနီးဆုံးရွာများဖြစ်ကြတဲ့ သမ္ဘောကျေးရွာ၊ တရော် တောကျေးရွာ၊ ညောင်သူများကျေးရွာ၊ တွင်းကျေးရွာတို့မှ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးအစောင့်အရှောက်ရရှိမှာ ဖြစ်ပါတယ်။ ဝန်ဘိုကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပေမယ့် (၅)မိုင်ကျော် ဝေးကွာပါတယ်။ ချောက်ကမ်းပါးထစ်လမ်းများဖြစ်လို့ လှည်းနဲ့သွားလို့လည်း အဆင်မပြေပါဘူး။ ဆိုင်ကယ်လည်း စီးလို့မရပါဘူး။ လမ်းဆိုးရွားလို့ အများကနေမှ ဂျွမ်းထောင် လမ်းလို့ အများက ခေါ်ကြပါတယ်။ ကျန်းမာရေးအရေးပေါ်ဖြစ်လျှင် ဘယ်လိုမှ သွားမရပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ဆောက်လုပ်ထားတဲ့ ဆေးခန်းမြေကို အလှူရှင်များဖြစ်ကြတဲ့ ဦးကိုကိုမောင်၊ ဒေါ်သန်းသန်းဦး တို့က ၂၀၁၄ ခုနှစ်မှာ တရားဝင် ဝယ်ယူထားခဲ့ပါတယ်။ Slide မှာ ဖော်ပြထားတဲ့ တန်ဖိုးကြီးမားတဲ့ ဆေးခန်း၊ ဝန်ထမ်းအိမ်ရာနဲ့ ပိုက်ရေတွင်း၊ အုတ်တံတိုင်းနဲ့ သံတံခါးတို့ကို ၂၀၁၄ ခုနှစ်မှာပင် အမြန်ဆုံး ဆောက်လုပ်ခဲ့ပါတယ်။ ၈-၁၀-၂၀၁၄ ရက်နေ့မှာ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကို တင်ပြပြောဆိုခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့်

ခွင့်ပြုချက်မရခဲ့ပါဘူး။ ဒီဆေးခန်းရဲ့ အမှုတွဲကိုလည်း ပြည်ထောင်စုအဆင့်ကို ဆက်လက်တင်ပြခြင်း မရှိခဲ့ပါဘူး။


ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးခန်းရဲ့ မြေအကျယ်အဝန်းမှာ လမ်းမျက်နှာစာဘက်မှ (၁၆၅)ပေ၊ နောက်ကျောဘက်မှ (၁၇၆)ပေ၊ တောင်ဘက်မှာ (၇၇)ပေနဲ့ မြောက်ဘက်ထိပ်က (၄၈)ပေ ကျယ်ဝန်းပါတယ်။ အဲဒီဆေးခန်းနှင့် ဆေးခန်းဝန်းမြေ အလှူရှင်က ဆေးခန်းခွင့်ပြုချက် ရရိုးနိုးနဲ့ ဆေးဝါးပစ္စည်းများကိုလည်းပဲ အဆင်သင့် ဝယ်ယူလှူဒါန်းထားပါတယ်။ ဒါပေမဲ့ ကာလရှည်ကြာသည်နှင့်အမျှ ဆေးဝါးများ ပျက်စီးမှာစိုးလို့ ရက်စွဲမလွန်ခင် ပြန်လည်ရောင်းချခဲ့ရပါတယ်။ ဆေးခန်းအလှူရှင်နဲ့ လေးမြေကျေးရွာသူ၊ ကျေးရွာသားများ ပတ်ဝန်းကျင်က ကျေးရွာလူထုတို့က ဆေးခန်းဆောက်လုပ်ပြီးစီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကတည်းက ကျေးလက်ဆေးပေးခန်းဌာန(ခွဲ)ကို ယနေ့အချိန်အထိ များစွာယုံကြည်ချက်ဖြင့် မျှော်လင့်နေကြပါတယ်။ ကျန်းမာရေးဝန်ကြီးကလည်း ခွင့်ပြုမယ်လို့ အားလုံးက ယုံကြည်အားကိုး နေကြပါတယ်။ လေးမြေကျေးရွာဟာ နာရေးကား မရှိပါဘူး။ အရေးပေါ်ကားတစ်စီးကို စုပေါင်းဝယ်ယူထားပါတယ်။ အရေးပေါ် သွားရောက်နိုင်ရန်အတွက်လည်း ကုန်ဆင်း၊ ကုန်းတက်လမ်းတွေ မြေသားလမ်း၊ ချိုင့်ခွက်လမ်းများနေလို့ မိုးရာသီမှာတော့ သွားလို့ မရပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုအခြေအနေတွေကြောင့် ကျွန်တော်ကိုယ်တိုင် သွားရောက်လေ့လာသည့်အခါမှာလည်းပဲ အမှန်တကယ် အခက်အခဲများနဲ့ တွေ့နေရတဲ့ရွာ ဖြစ်နေပါတယ်။ များစွာကျယ်ဝန်းတဲ့ ဝန်းမြေထဲမှာ ဆေးခန်းမှာလည်း အဆင်သင့်၊ ဝန်ထမ်းအိမ်ရာမှာလည်း အဆင်သင့်၊ ဆေးဝါးမျိုးစုံကလည်း အဆင်သင့်၊ ပိုက်ရေတွင်းကလည်း အဆင်သင့် ရှိနေပါတယ်။ ဒ့ါအပြင် ကျေးရွာက လျှပ်စစ်မီး ကိုယ်ထူကိုယ်ထ ဆောင်ရွက်နေကြပါတယ်။ လိုအပ်နေတဲ့ အလင်းရောင်အတွက်လည်းပဲ ဆေးခန်း အလှူရှင်က မီးစက်ကြီးများကို ဝယ်ယူလှူဒါန်းဖို့ အားလုံးအဆင်သင့်ဖြစ်နေပါတယ်။ အဲဒါကြောင့် အမှန်တကယ် ခွင့်ပြုချက်ရမှသာလျှင် လိုအပ်နေတဲ့ လေးမြေကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျန်းမာရေးဝန်ကြီးမှ ခွင့်ပြုနိုင်ရေးအတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် လေးမြေကျေးရွာတွင် ကြိုတင်ဆောက်လုပ်ထားသောဆေးခန်း၏ မြင်ကွင်းပုံ (ဆ)




စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် လေးမြေကျေးရွာတွင် ကြိုတင်ဆောက်လုပ်ထားသောဆေးခန်း၏ မြင်ကွင်းပုံ (ဆ-၁)



ဆေးခန်းဝန်းမြေအတွင်း၌ရှိသော ပိုက်ရေတွင်း မြင်ကွင်းပုံ (ဆ-၂)



**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၇။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာ ဆုတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ၏ မေးခွန်းဖြစ်တဲ့ ပလက်ဝ မြို့နယ်၊ ဝက်မကျေးရွာအုပ်စု၊ ဝက်မကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက် ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ပြန်ကြည့်တဲ့အခါမှာ ကျေးရွာပေါင်း (၃၈၈)ရွာ အိမ်ခြေပေါင်း(၂၀၃၆၉)အိမ်၊ လူဦးရေ(၁၀၅၀၀၀)ကျော် ရှိပါတယ်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့ကတော့ တိုက်နယ်ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၁၀)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၃၉)ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန(၁)ခုဖြင့် စောင့်ရှောက်လျက် ရှိပါတယ်။ ဝန်ထမ်းများအနေနဲ့ ပြည်သူ့ကျန်းမာရေးဘက်မှာတော့ လက်ထောက်ကျန်းမာရေးမှူး (၄)ဦး၊ မြို့နယ်သူနာပြု(၁)ဦး၊ ကျန်းမာရေးကြီးကြပ်-၁ (၂)ဦး၊ အမျိုးသမီးသားဖွားဆရာမ(၈)ဦး၊ သားဖွားဆရာမ(၅၃)ဦး၊ ကျန်းမာရေးကြီးကြပ်(၃၉)ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ပလက်ဝမြို့နယ်၊ ဝက်မကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)က ဆမီးကျေးလက်ကျန်းမာရေး ဌာနအောက်မှာရှိတဲ့ ဌာနခွဲတစ်ခုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်လည်ကြည့်တဲ့အခါမှာ ဆမီး မြို့နယ်ဆေးရုံနဲ့ ဆမီးကျေးလက်ကျန်းမာရေးဌာနတို့က ရေလမ်းနဲ့ သွားမယ်ဆိုရင် မိုင်(၄၀)၊ စက်လှေနဲ့(၄)နာရီလောက်ကြာတာ တွေ့ရပါတယ်။ ပလက်ဝမြို့နယ် ဆေးရုံနဲ့ဆိုရင် ရေလမ်းက (၃၈)မိုင်စက်လှေနဲ့ (၄)နာရီလောက်သွားရတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိပါတယ်။

လူဦးရေလွှမ်းခြုံမှုမှာတော့ အခြေခံမှုများထက် နည်းနေပါတယ်။ သို့သော်လည်း ခက်ခဲတဲ့ ဒေသမှာဆိုလို့ရှိရင်တော့ လူဦးရေကို ဦးစားပေးအနေနဲ့ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အမှန်တကယ် လိုအပ်ချက်ကိုပဲ ထည့်သွင်းစဉ်းစားပါတယ်။ နယ်မြေအခြေအနေထဲကို ထည့်သွင်း စဉ်းစားပြီးတော့

ခြွင်းချက်အနေနဲ့ ပေးပါတယ်။ အခြေခံမူအရ ကျေးလက်ကျန်းမာရေးဌာနဆိုရင်တော့ လူဦးရေ (၁၀၀၀၀) ကနေ (၁၁၀၀၀)ရှိသော်လည်း သူတို့မှာ (၃၃၅၅)ဦးရှိသော်လည်း ဒါကို ကျွန်တော်တို့ စဉ်းစားပေးပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ သက်ဆိုင်ရာပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးကို ကျွန်တော်တို့ မေးပါတယ်။ ဒါ တကယ်ပဲလိုလား။ မလိုလား။ သူတို့က တကယ် ဖွင့်လှစ်သင့်ကြောင်းဆိုပြီး ပြောပါတယ်။

ကျွန်တော့်အနေနဲ့ ကျေးလက်ကျန်းမာရေးဌာနလို့ ပေးလိုက်တဲ့ တစ်ပြိုင်နက်တည်း သူ့အနေနဲ့ Sub-Centre (၄)ခုက အလိုအလျောက် ရပြီးသား ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားကျန်းမာရေးစီမံကိန်းနဲ့ ညှိနှိုင်းမယ်။ စီမံကိန်းနဲ့ ဖွဲ့စည်းပုံစိစစ်ရေးကို တင်ပြမယ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကို တင်ပြပြီးတော့ ထောက်ခံချက်ရလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်သွင်းပြီး ခွင့်ပြုမယ်ဆိုလို့ရှိရင်တော့ အဆင့်တိုးမြှင့်ခြင်းကိစ္စကို လုပ်ပေးမယ်ဆိုတာကို ကျွန်တော် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ရဲ့ မေးခွန်းကို ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ က ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ နောက်မီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံချပေးတဲ့ကိစ္စနဲ့ တောင်းဆိုထားပါတယ်။ ဒီဖျာပုံမြို့နယ် နောက်မီးကျေးရွာမှာဆိုရင် ကျေးလက်ကျန်းမာရေးဌာနတော့ ဖွင့်ထားပါတယ်။ ဒီမှာဆိုလို့ရှိရင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၄)ခု ရှိပါတယ်။ အိမ်ခြေ (၃၁၅၀)ရှိပါတယ်။ လူဦးရေ အားလုံးပေါင်း (၁၄၀၀၀)ရှိပါတယ်။

ကျွန်တော်တို့ ခုချိန်မှာဆိုလို့ရှိရင် တိုက်နယ်ဆေးရုံတွေကို ကျွန်တော်တို့က ဆရာဝန်ပုံမှန်လုံး၀ ခန့်ထားပေးနိုင်ခြင်း မရှိပါဘူး။ သို့သော်လည်း သူတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ဆေးရုံကြီးကနေပြီးတော့ Release ပေးပြီး (၃)လ (၁)ကြိမ်၊ (၄)လ(၁)ကြိမ်၊ (၁)လ (၁)ကြိမ် အဲဒါမျိုး အဆင်ပြေရင် ပြေသလို ကျွန်တော်တို့ တာဝန်ချထားပေးလျက်ရှိပါတယ်။ ဒီကိစ္စမှာ ကျွန်တော်တို့က တိုက်နယ်ဆေးရုံအဆင့်ကို မြှင့်မယ်ဆိုရင် ကျွန်တော်တို့က လောလောဆယ်ရှိတဲ့ နောက်မီး ကျေးလက်ကျန်းမာရေးဌာနရဲ့ လူနာအခြေအနေကို ပြန်လည်သုံးသပ်တဲ့အခါမှာ အထွေထွေ ဆေးခန်းကို လာတဲ့ လူနာပေါင်းက ကျလာတယ်။ ၂၀၁၄ ခုနှစ်က (၆၀၀၀)ဦးကျော် ရှိတယ်။ ၂၀၁၅ ခုနှစ်က (၉၀၀၀)ဦးကျော် ရှိတယ်။ ၂၀၁၆ ခုနှစ်မှာ (၇၅၀၀)ဦးရှိတယ်။ ၂၀၁၇ ခုနှစ်ကျတော့ (၄၉၀၀)ဦးပဲ ဖြစ်တယ်။ ၂၀၁၈ ခုနှစ်မှာ (၄၀၀၀)ဦး သာသာလေးပဲ (၄၀၄၁)ဦးပဲ ဖြစ်တယ်။ အဲဒီတော့ လူနာဦးရေက ကျတယ်။ နောက်တစ်ခါ ကွင်းဆင်းတဲ့အချိန်မှာ ကုသတဲ့ လူနာပေါင်းကလည်း တော်တော်ကျလာတာ တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှာ (၂၃၂၅)ဦး၊ ၂၀၁၅ ခုနှစ်မှာ (၂၆၇၇)ဦး၊ ၂၀၁၆ ခုနှစ်မှာ (၂၂၈၇)ဦး၊ ၂၀၁၇ ခုနှစ်မှာ (၁၀၄၇)ဦး၊ ၂၀၁၈ ခုနှစ်မှာ (၁၁၇၉)ဦးပဲ ကျတယ်။ အထက်ကို လွှဲပြောင်းတဲ့လူနာကတော့

နည်းနည်းလေး များပါတယ်။ ၂၀၁၈ ခုနှစ်မှာကတည်းက (၁၁၃)ဦး ရှိပါတယ်။ ဆိုလိုတာက ကျန်းမာရေးအခြေအနေက တော်တော်ကောင်းနေတာဗျ။ ကောင်းနေတယ် ဆိုတာက မြေပေါ်မှာ ကြည့်တဲ့အခါမှာလည်း စီးပွားရေးအလားအလာကောင်းတဲ့ နေရာတစ်နေရာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့က ပြန်လည်သုံးသပ်တဲ့အခါမှာ သူတို့အနေနဲ့က သုံးပုံတစ်ပုံ ကျခံမယ်လို့ ပြောပါတယ်။ အကယ်၍သာ သူတို့က လေးပုံသုံးပုံ သို့မဟုတ် အကုန်လုံးသာ အဆောက်အအုံပိုက်ဆံကို ပေးမယ်ဆိုရင် ကျွန်တော်တို့ ဒါကို စဉ်းစားပေးမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော့်အနေနဲ့ ဒီဟာတွေကို တိုက်နယ်ဆေးရုံတို့၊ ကျေးလက်ကျန်းမာရေးဌာန ကျွန်တော်တို့ ခုက အရမ်းပေးချင်တိုင်း ပေးလို့မရပါဘူး။ ကျွန်တော်တို့ကို ပြည်ထောင်စုအစိုးရ အဖွဲ့က စာလာထားပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြီး စာက ၆-၂-၂၀၁၉ ရက်နေ့က ဝန်ထမ်း ဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းအသစ် ခန့်ထားခြင်းတို့နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် အတွက် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုအစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ အဆိုပါအမိန့်ကြော်ငြာစာတွင် ပါရှိသော သတ်မှတ်ချက်များနှင့် စိစစ်တင်ပြနိုင်ရန် ကျွန်တော်တို့ အမှုတွဲတွေ အကုန်ပြန်ပေးလိုက်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ ပြန်ဖြေထားတဲ့ ဟာတွေ ပြန်ကြည့်တဲ့အခါမှာ ကျေးရွာ(၁၆)ရွာမှာ တိုက်နယ်ဆေးရုံ(၁၆)ရုံ တင်ထားပါတယ်။ အဲဒါကို ကျွန်တော်တို့ကို ပြန်ပေးလိုက်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၆၂)ခု အသစ်တိုးချဲ့ ဖွင့်လှစ်ဖို့ တင်ထားပါတယ်။ ကျွန်တော်တို့ ပြန်ပေးလိုက်ပါတယ်။ နောက်တစ်ခါ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကိုလည်း (၄)ရုံကို ခုတင် (၅၀)တိုးဖို့ကိုလည်း ကျွန်တော်တို့ကို ပြန်ပေးလိုက်ပါတယ်။ ဒီစီမံကိန်းကနေပြီးတော့ ဒီ အမိန့်ကြော်ငြာစာ ထွက်ပြီးမှသာလျှင် အမိန့်ကြော်ငြာစာပေါ်မှာ မူတည်ပြီး ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီတော့ လောလောဆယ်က ဒီကိစ္စတွေက တန့်နေတဲ့ သဘောတော့ ရှိပါတယ်။ ဒီဟာကတော့ ကျွန်တော် ထင်တာကတော့ အမြန်ဆုံးသူတို့ ပေးမှုဖြစ်မယ်။ မဟုတ်လို့ရှိရင် တောင်းဆိုတာတွေရှိတယ်။ လွှတ်တော်မှာ ကတိကဝတ်တွေ ပေးထားတယ်။ ဒါကို ကျွန်တော်တို့ မပေးရင် ဝန်ကြီးဌာနအနေနဲ့ တာဝန်မကျေရာ ရောက်ပါမယ်။ ဒါကို ဆောက်ဖို့ဆိုရင်တော့ ကျန်တဲ့ ကတိပေးထားတဲ့ဟာတွေ ဆောက်ဖို့ကတော့ ဘတ်ဂျက် လျာထားဖို့ကလည်း ရှိပါတယ်။ အကယ်၍သာ ဒါတွေ ဆောက်ခွင့်မရဘူးဆိုရင် ဘတ်ဂျက်တွေက ပြန်အပ်ချင် အပ်ရမယ်။ အဲဒီလို ဖြစ်သွားနိုင်တယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ အမြန်ဆုံး ထွက်လာမယ်လို့တော့ ရည်ရွယ်ပါတယ်။ ကျွန်တော်လည်း ဒီဟာကို တစ်တိုင်းပြည်လုံး ဝန်ကြီးဌာန တွေအားလုံးနဲ့ သက်ဆိုင်တဲ့အတွက် အားလုံးဒီလိုပဲ စောင့်နေရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ စုံစမ်းမယ်၊ စုံစမ်းပြီး လုပ်ပေးမယ်။ အဲဒီတော့ ဒီကြားထဲမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး အနေနဲ့ကလည်း ဒီရွာက စီးပွားရေး အလားအလာ အလွန်ကောင်းတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။

အဲဒီတော့ သူတို့အနေနဲ့ ဒီဟာကို အနည်းဆုံး လေးပုံသုံးပုံလောက် ကျခံမယ်ဆိုရင် ကျွန်တော်တို့ လေးပုံတစ်ပုံကို ထည့်ပြီးတော့ လုပ်ပေးပါမယ်။ အဲဒါကတော့ ကျွန်တော့်အနေနဲ့ ဒါ တင်ပြခြင်း ဖြစ်ပါတယ်။

သို့သော်လည်း ဆက်လက်ပြီးတော့ ဖြစ်ပေါ်လာတဲ့ အခြေအနေ အချိန်အခါပေါ် မူတည်ပြီး ကျွန်တော် စဉ်းစားပေးမယ်။ သူက ပင်လယ်ဝနားမှာ ရောက်နေတဲ့အတွက် အရေးလည်းကြီးတယ် ဆိုတာ ကျွန်တော်တို့ သိပါတယ်။ တစ်ခုပဲ ရှိတာက ရောဂါတွေ အကုန်လုံးက စီးပွားရေး ကောင်းလာတဲ့အခါ ရောဂါတွေက ကျဆင်းလာတာကို တွေ့ပါတယ်။ ကျွန်တော် သေချာလေ့လာ ပါတယ်။ မြေပုံနဲ့ သွားရောက်ပြီး အကုန်လုံး အသေးစိတ် လေ့လာတဲ့အခါကျတော့ ပေးမယ်ဆိုရင်တော့ ပေးလို့ရတယ်။ သို့သော်လည်း ဘတ်ဂျက်အနေအထားအရ နည်းနည်းလေး ဘတ်ဂျက်ကို ကျေးရွာ အနေနဲ့ ပိုမိုပံ့ပိုးစေလိုကြောင်း ကျွန်တော် ပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ရဲ့ မေးခွန်းဖြစ်တဲ့ မြောင်မြို့နယ်၊ တွင်းကြီး ကျေးရွာအုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့် မယ့်အစီအစဉ် ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြန်လည်ကြည့်တဲ့အခါမှာ မြောင်မြို့နယ်မှာဆိုရင် တိုက်နယ်ကျန်းမာရေး ဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၃၁)ခုနဲ့ မိခင်နှင့် ကလေးကျန်းမာရေးဌာန(၁)ခု ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းအနေနဲ့ကတော့ လက်ထောက် ကျန်းမာရေးမှူး (၆)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁(၇)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၆)ဦး၊ သားဖွားဆရာမ(၇၈)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂(၂၉)ဦးနဲ့ လူဦးရေ(၁၁၀၀၀၀)ကျော် တာဝန် ထမ်းဆောင်လျက်ရှိပါတယ်။

တွင်းကြီး ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကတော့၊ တကယ်တော့ မကျီးဘုတ် ကျေးလက်ကျန်းမာရေးဌာန လက်အောက်မှာရှိတဲ့ ဌာနခွဲတစ်ခု ဖြစ်ပါတယ်။ တွင်းကြီးကျေးလက် ကျန်းမာရေးဌာနခွဲသည် မကျီးဘုတ်တိုက်နယ်ဆေးရုံနဲ့ ပြန်ကြည့်တဲ့အခါကျတော့ (၂)မိုင်ပဲဝေးပါတယ်။ သူ့အပေါ်မှာရှိတဲ့ မကျီးဘုတ် ကျေးလက်ကျန်းမာရေးဌာနကလည်း (၂)မိုင်ပဲဝေးပြီးတော့ ကားနဲ့ ဆိုရင်လည်း (၁၅)မိနစ်ပဲ သွားလာရပါတယ်။ ဒီ လူဦးရေလွှမ်းခြုံမှုမှာလည်း ကျွန်တော်တို့က အခြေခံမှုနဲ့ မကိုက်ညီဘူး ဖြစ်ပါတယ်။ အခြေခံမှုက ဒီဟာလုပ်မယ်ဆိုရင် လူဦးရေ(၁၀၀၀၀)ကနေ (၁၂၀၀၀) ရှိရမယ်။ ဒီကျေးရွာမှာဆိုရင် လူဦးရေက (၄၅၀၀)ကျော်ပဲရှိတာ သွားတွေ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းမွန်တာကို တွေ့ရှိရပါတယ်။ တိုက်နယ်ဆေးရုံ ကျေးလက်

ကျန်းမာရေးဌာနများသို့ အချိန်တိုအတွင်း သွားရောက်နိုင်ခြင်း ဆိုလိုတာက (၂)မိုင်ခရီးကို ကားဖြင့် (၁၅)မိနစ်ခန့် ကြာပါတယ်။ အခြေခံမူ(၆)ချက်မှာ သူက(၃)ချက်ပဲ တူညီတဲ့အတွက် သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဦးစီးဌာနကလည်း သင့်လျော်မှုမရှိကြောင်း တင်ပြထားတဲ့အတွက် အခုတော့ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ဒါကတော့ အရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ မေးခွန်းမေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ (၅)မိနစ်ခန့် အနည်းငယ်တော့ ပိုမယ်ထင်ပါတယ်။ မေးခွန်းအနေနဲ့ကတော့ နိုင်ငံတစ်ဝန်း အသစ်ထပ်မံဆောက်လုပ်မည့် ဆေးရုံနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ အပါအဝင် နိုင်ငံပိုင်အဆောက်အအုံများတွင် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံမျိုး ထည့်သွင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်သည့် မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကမှ ကျွန်တော် ဖြေပါမယ်။ ပညာရေးဝန်ကြီးဌာနနဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကျွန်တော် အားလုံးပေါင်းစပ်ပြီးတော့ ဖြေမှာဖြစ်တဲ့အတွက် (၅)မိနစ်ခန့် ပိုမှာဖြစ်တဲ့အတွက် ခွင့်ပြုပေးပါရန် လေးစားစွာ ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့က ဒီကိစ္စကို လွှတ်တော်ကိုယ်စားလှယ်က ဒီမှာ မေးတယ်။ ကျွန်တော်က Disability ပေါ့။ မသန်စွမ်းသူများဟာ အရမ်းအရေးကြီးတယ်။ သူတို့ကို ဆေးပညာကျင့်ဝတ်အရ ရှေ့တန်းမှာ ထည့်သွင်းစဉ်းစားရမယ်ဆိုတာ သိတဲ့အတွက် ကျွန်တော် ဝန်ကြီးဖြစ်ပြီးတော့ ၃-၁၂-၂၀၁၆ ရက်နေ့မှာ စာထုတ်လိုက်ပါတယ်။ ဗဟိုအဆင့် ဆေးရုံကြီးများအားလုံး တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဌာနအားလုံးကို ကျွန်တော် စာထုတ်လိုက်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ဒါဘာလဲဆိုရင် မသန်စွမ်းသူများနဲ့ အငြိမ်းစားဝန်ထမ်းများအား ဦးစားပေးဆောင်ရွက်ပေးရန် အကြောင်းကြားခြင်း ဒါတွေကတော့ အရေးကြီးတဲ့အတွက် ကျွန်တော် ဖတ်ပြပါမယ်။

အထက်ပါ အကြောင်းအရာနဲ့ပတ်သက်၍ (က) ဆေးရုံများသို့ လာရောက်ကုသခံယူကြသည့် လူနာများမှ မသန်စွမ်းလူနာများနှင့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများ ဦးစားပေး၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရန်၊ ဥပမာ ပြင်ပလူနာဌာနတွင် ပြသရာတွင်လည်းကောင်း၊ ဆေးကုသမှုခံယူရန်လည်းကောင်း၊ ပြန်လည်ပြသ (Follow Up) တွင်လည်းကောင်း၊ အခြားလူနာများနှင့်အညီ တန်းစီစောင့်ဆိုင်းခြင်း မရှိစေရ။ သူတို့လာရင် ချက်ချင်းဝင်။ တန်းစီစရာမလိုဘူး ဒါကို ပြောတာ။ (၂) (ခ) မသန်စွမ်းသူများအား ပြင်ပလူနာ၊ အတွင်းလူနာအဖြစ် ကုသမှုခံယူရာတွင် ဝင်ထွက်သွားလာရာ သန့်စင်ခန်းများ အသုံးပြုရာတွင် လွယ်ကူ၍ Disability Handrail အတွက် လိုအပ်သလို စီစဉ်

ဆောင်ရွက်ရန်။ ဥပမာ ပြင်ပလူနာဌာနနှင့် အဆောင်များသို့ ဝင်ထွက်ရာတွင် Wheel Chair ဖြင့် တက်ဆင်း လွယ်ကူစေရေးအတွက် လျှောက်လမ်းပြုလုပ်ထားရန်၊ သန့်စင်ခန်းများတွင်လည်း Wheel Chair ဖြင့် မသန်စွမ်းသူများအားလုံးကို အသုံးပြုနိုင်ရေး စီစဉ်ပေးရန် ကျွန်တော် အကြောင်းကြားခဲ့ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဝန်ထမ်းတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဦးစီးမှူးက ဒါတွေအားလုံးကို ဆက်လက်လုပ်ပါတယ်။ ကျွန်တော်တို့ ဒါ အကုန်ပေးပါတယ်။ ညွှန်ကြားရေးမှူးချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ ဦးစီးမှူးများအားလုံး၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံတွေ၊ ခုတင် (၁၀၀)ဆေးရုံတွေ အကုန်လုံး ဒီစာတွေ ဖြန့်ဝေဖို့ ကျွန်တော် လုပ်နေပါတယ်။ အတိအကျအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့က ကျွန်တော်တို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှာဆိုရင် ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၅)ခု နေပြည်တော် အပါအဝင် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ (၂)ထပ်ဆောင်တွေ ဆောက်တယ်။ ဆေးရုံတွေမှာ (၂၉)ခု၊ (၂)ထပ်ဆောင်က ၂၀၁၇-၂၀၁၈ ခုနှစ်မှာ (၂၇)ခု၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ (၁၆)ခု အားလုံး စုစုပေါင်း (၇၄)ခု အဲဒီမှာ ကျွန်တော် ခုန ပြောထားတာ အကုန်ပါ ပါတယ်။ Trolley Way တွေ၊ Ramp တွေ အကုန်ပါပြီး လုပ်နေတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကတော့ ဒီကိစ္စကို အထူးဦးစားပေးပြီး လုပ်နေခြင်း ဖြစ်ပါတယ်။ (၂)ထပ်ကျော် (၃)ထပ်ဆိုရင် ဆောက်လုပ်ရေးမှာ ဓာတ်လှေကားထည့် ပါတယ်။ ကျွန်တော်တို့ ဆေးရုံတွေမှာ (၃)ထပ်၊ (၄)ထပ်၊ (၅)ထပ်တွေ အများကြီး ဆောက်ပေး ပါတယ်။ ဓာတ်လှေကားတွေ အကုန်ပါ ပါတယ်။ ကျွန်တော်တို့ ဒီ အရှေ့တောင်အာရှ မသန်စွမ်း အားကစားပြိုင်ပွဲအတွက်လည်း အိမ်ရှင်လုပ်ခဲ့တဲ့ ၂၀၁၄ ခုနှစ်တုန်းကလည်း အားလုံး မသန်စွမ်း သူများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် လျှောက်လမ်းပါတဲ့ အထောက်အကူပုံစံတွေ ဝဏ္ဏသိဒ္ဓိ Sport Complex မှာ လုပ်ပါတယ်။

ထို့အပြင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် မသန်စွမ်းအားကစားသမားများ လေ့ကျင့် ကစားနိုင်ရန်အတွက် အလားတူ မသန်စွမ်း လေ့ကျင့်ရေးစခန်းတွေကိုလည်း တည်ဆောက်ထားရှိ ပြီးတော့ မသန်စွမ်း အားကစားသမားများ အဆင်ပြေစွာ အားကစားလှုပ်ရှားမှု ပြုလုပ်နိုင်ရန် လုပ်ထားပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးအနေနဲ့ လုပ်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနကို မေးတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနက တုံ့ပြန်ချက်ကတော့ ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်အတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ လျာထားရာ၌ အန္တရာယ်ရှိကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းသား ဦးရေအရ မလုံလောက်လို့ အသစ်ဆောက်လုပ်ခြင်း ဒါတွေကို ပြောသော်ငြားလည်း သူက ဘာပြော ထားသလဲဆိုတော့ မသန်စွမ်းသူများအတွက် လိုအပ်သော အဆောက်အအုံပုံစံမျိုးဖြင့်

ကျောင်းဆောင်များ ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဆိုလိုတာက ဒါ သူတို့အနေနဲ့ ဘတ်ဂျက်အခက်အခဲရှိလို့ မဆောက်ရခြင်း ဖြစ်ပါတယ်။ အခြေခံပညာဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများအတွက် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်သော အထောက်အကူပြုစနစ်များ ပြည့်စုံသည့် အဆောက်အအုံပုံစံမျိုး ကျောင်းဆောင်များ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးသော်လည်း မဆောက်သေးပါဘူး။ သို့သော်လည်း မသန်စွမ်းသည့် ကလေးများသာမက မသန်စွမ်းသည့် ကျောင်းသား၊ ဆရာများ၊ ဧည့်သည်များပါ အထောက်အကူပြုနိုင်သည့် အခြေအနေများ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံဘေးကင်းပြီး ကလေးပျော် စံပြစာသင်ကျောင်း ဆောက်လုပ်ရေး လမ်းညွှန်စာအုပ်များ ရှိပါတယ်။ မလုပ်ရသေးပါဘူး။ လမ်းညွှန်စာအုပ်မှာ အသေးစိတ် လုပ်ထားပါတယ်။

ထို့အပြင် ကျွန်တော်တို့ ပြန်လည်ကြည့်တဲ့အခါမှာ Myanmar National Building Course ကို ၂၀၁၆ ခုနှစ်က ထွက်ထားပါတယ်။ ဒီ Building Course မှာ ဆေးရုံဖြစ်ဖြစ်၊ အဆောက်အအုံဖြစ်ဖြစ်၊ စာသင်ကျောင်းဖြစ်ဖြစ် ပြည်သူများဝင်တဲ့ စားသောက်ဆိုင် ဒီလို ဆိုင်အကြီးတွေပေါ့။ Shopping Center တွေမှာဆိုရင် ဘာတွေလုပ်ရမလဲ အသေးစိတ် ပါ ပါတယ်။ တော်တော်ကောင်းတဲ့ လမ်းညွှန်ချက်ပါ။ ဒါထုတ်ထားတာ Architectures Design ဆောက်လုပ်ရေး ဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်က ထုတ်ထားပါတယ်။ တော်တော်ကောင်းပါတယ်။ Transportation က အစ တော်တော်ကိုကောင်းတဲ့ Document ဖြစ်ပါတယ်။ ဒီ Document ကြီးကို ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနအားလုံးက ဖတ်သင့်ပါတယ်။ ကျွန်တော်လည်း ဒီ Document ကို မနေ့ကမှ ရှာတွေ့တဲ့ အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနလည်း ကျွန်တော်တို့ ဆေးရုံတွေနဲ့ပတ်သက်ပြီး အသေးစိတ် ပြန်လည်လေ့လာပြီး ဆက်လက်ပြီးတော့ ပိုကောင်းတဲ့ဟာကို ကျွန်တော်တို့ လုပ်ဖို့ အစီအစဉ် ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနက ထပ်ပြောတာက အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ တက်ရောက်သင်ကြားခွင့်ရှိသော ဘာသာရပ်ဆိုင်ရာ အဆောက်အအုံများတွင် လျှောက်လမ်းပါဝင်သော အထောက်အကူပုံစံမျိုး ထည့်သွင်းဆောက်လုပ်ပေးနိုင်ရေးအတွက် စီမံချက်များရေးဆွဲ၍ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဒါ လျာထားဆောင်ရွက်တာ ပိုက်ဆံတော့မရသေးဘူး။ သူတို့မှာ လုပ်မယ်ဆိုတဲ့ Idea ရှိကြောင်း သိရပါတယ်။ နည်းပညာ အသက်မွေးပညာနဲ့ လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် ဂျပန်နိုင်ငံကနေ ပူးပေါင်းဆောင်ရွက်သည့် ဂျပန် – မြန်မာ အောင်ဆန်း သက်မွေးပညာ သင်ကျောင်း (JMASVTI) နှင့် ကိုရီးယားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မည့် နည်းပညာ သက်မွေးပညာ ဆိုင်ရာ ဆရာအတတ်သင်ကျောင်း (ဗဟန်း) တို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ကျောင်းများ၏ တည်ဆောက်ရေး စီမံကိန်းများတွင် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် လျှောက်လမ်းများထည့်သွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိကြောင်း ပြောပါတယ်။

၂၀၂၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်မှစပြီး အကောင်အထည်ဖော်ဆောင်ရွက်မယ်လို့ သူတို့ပြော ပါတယ်။ Design ဆွဲတာတွေနဲ့ Wheel Chair အသုံးပြုတာတွေ မသန်စွမ်းသူများ အဆင်ပြေ သွားလာနိုင်ရေးအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောပါတယ်။ ဒီဟာကို ဖြေကြားတဲ့အနေနဲ့ကတော့ ပညာရေးဝန်ကြီးဌာနသိသွားပြီ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်သီရိရတနာ မေးတဲ့မေးခွန်းက ဒါ တော်တော်လေး တစ်နိုင်ငံလုံးအတွက် အရေးကြီးပါတယ်။ ပညာရေးပါ။ သူတို့သိသွားပြီ။ လွှတ်တော်က မေးခွန်းမေးတဲ့အတွက် သူတို့အနေနဲ့ ဒါကို တစ်ခုခု တော့ လုပ်ရမယ်ဆိုတာ သိရှိလာတာ ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နေပြည်တော်ကောင်စီက ပြန်ဖြေတာကတော့ နေပြည်တော်ကောင်စီ နယ်မြေအတွင်းတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ဒီဇိုင်းများ လာအပ်နှံသည့်အခါ လုပ်ငန်းရှင်နှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သော Ramp များ ထည့်သွင်းရေးဆွဲပေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစဉ် ဆောက်လုပ်ရေးပုံစံ၌ မသန်စွမ်းသူများအတွက် လျှောက်လမ်းများ ပါဝင်ထည့်သွင်းခြင်း တင်ဒါခေါ်ယူစဉ် မပါဝင်ခဲ့ပါက လုပ်ငန်းများ အပ်နှံမှု မပြုလုပ်စဉ် လိုအပ်သည့် ညှိနှိုင်းမှုများ ဆောင်ရွက်ရန် စီစဉ်ထားပါတယ်။ သူတို့ကတော့ သေသေချာချာလုပ်ပေးနေပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးကိစ္စတွေကိုလည်း နေပြည်တော် ကောင်စီ ဆောက်လုပ်ရေးအပိုင်းက တော်တော်လေး တာဝန်ယူပြီး လုပ်ပေးနေပါတယ်။ ဒါကလည်း သူတို့လုပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်ပြီး တင်ပြချင်တာကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့တွေ ကျွန်တော်တို့ မေးပါတယ်။ ကျွန်တော်တို့က အားလုံးကို ဖုန်းဆက်ဖြေရတာ ဖြစ်ပါတယ်။

အဲဒီတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာ ပထမဦးဆုံး တနင်္သာရီတိုင်းဒေသကြီးအတွင်း မှာတော့ မသန်စွမ်းသူများ အသုံးပြုနိုင်ရန် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံများကို လူသွားစင်္ကြံများတွင် ဆောင်ရွက်ပေးခြင်း၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများနှင့် အများပြည်သူ နားနေ၊ အပန်းဖြေနေရာများ၊ ပန်းခြံများတွင်လည်း ကွန်ကရစ်လျှောက်လမ်းများခင်း၍ ဆောင်ရွက် ပေးထားသကဲ့သို့ ဒေသကြီးအတွင်း ထပ်မံဆောက်လုပ်မည့် အများပြည်သူနှင့်ဆိုင်သော အဆောက် အအုံများ၊ စာသင်ကျောင်းများ၊ ပြည်သူ့အပန်းဖြေနေရာများတွင် မသန်စွမ်းသူများ အကျုံးဝင် အသုံးပြုနိုင်မည့်နေရာများကို ထည့်သွင်းဆောင်ရွက်ပေးရန်၊ တိုင်းဒေသကြီးက စည်ပင်သာယာရေးအဖွဲ့၊ တိုင်းဒေသကြီး လမ်းဦးစီးအဖွဲ့၊ တိုင်းဒေသကြီး အဆောက်အအုံဌာန၊ တိုင်းဒေသကြီး မြို့ပြနှင့် ဖွံ့ဖြိုးရေးဦးစီးဌာနများသို့လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအနေနဲ့တော့ ဒါတွေကို လုပ်နေတယ်ဆိုတာ တင်ပြခြင်းဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ ဆောက်လုပ်ရာတွင် မြေညီထပ်၌ တွန်းလှည်းစနစ်အသုံးပြုနိုင်သော လျှောက်လမ်းများ ပါရှိသဖြင့် မသန်စွမ်းသူများအတွက် အထောက်အကူပြုခြင်း၊ ဝန်ထမ်းအိမ်ယာများတွင် မသန်စွမ်းသူများ နေထိုင်လိုပါက မြေညီထပ်တွင် နေရာချထားပေးခြင်း၊ နေထိုင်ရေး အခက်အခဲများကို ပံ့ပိုးဆောင်ရွက်လျက်ရှိတယ်ဆိုတာကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် စာသင်ကျောင်းများ၏ မြေညီထပ်ရှိ စာသင်ခန်းများကို မသန်စွမ်းသူများ အဆင်ပြေ ဝင်ထွက်၊ သွားလာနိုင်ရေး၊ (၂) အိမ်သာများ ပြင်ဆင်ဖြည့်စွက် ဆောက်လုပ်ရေး၊ (၃) လျှောက်လမ်းများနှင့် လှေကားများ ပိုမိုအဆင်ပြေစွာ အသုံးပြုနိုင်ရေး၊ (၄) လမ်းညွှန်အမှတ်အသားများ အကောင်အထည်ဖော်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားပါတယ်။

ကရင်ပြည်နယ်အတွင်းမှာတော့ ကရင်ပြည်နယ်တွင် အသစ်ဆောက်လုပ်မည့် အများပြည်သူနှင့်ဆိုင်သော ပန်းခြံ၊ ကလေးကစားကွင်းနှင့် အနားယူအပန်းဖြေနေရာများ၌ အထောက်အကူပြုပုံစံများ ထည့်သွင်းစဉ်းစား၍ စီမံဆောက်ရွက်ပေးရန် အစီအစဉ်ရှိပါတယ်လို့ ဖြေကြားပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာတော့ မသန်စွမ်းသူ ကလေး၊ ကျောင်းသား၊ ကျောင်းသူများ လွယ်ကူအဆင်ပြေစွာ သင်ကြားနိုင်မည့် လှေကားနှင့် လျှောက်လမ်းပုံစံများ ထည့်သွင်းပေးရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားထားပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းမှာတော့ လမ်းဦးစီးဌာန အဆောက်အအုံများ၌ မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်သော လျှောက်လမ်းပါသည့် အထောက်အကူပုံစံများ ထည့်သွင်းဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် မသန်စွမ်းသူများ အသုံးပြုနိုင်ရန် လျှောက်လမ်းပါဝင်သော အထောက်အကူပြုပုံစံများ ထည့်သွင်းဆောက်လုပ်ပေးလျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတွင် ဆောက်လုပ်နိုင်ခြင်းမရှိသေးပါကြောင်း (၂)ခုပဲ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးကတော့ မရှိသေးဘူး ဖြေထားပါတယ်။

သို့ဖြစ်ပါ၍ မသန်စွမ်းသူများအတွက် အထောက်အကူပြု ပတ်ဝန်းကျင်တစ်ရပ်အား ဆေးရုံနှင့် ကျန်းမာရေးဌာနအဆောက်အအုံများသာမက ဌာနဆိုင်ရာ အဆင့်မြင့် အဆောက်အအုံများတွင် ဘဏ္ဍာငွေရရှိမှုအတွက် ဒါကို ဆောက်လုပ်မယ်ဆိုတာ ဒီမေးခွန်းကို မေးလိုက်ခြင်းဟာ ကျွန်တော်တို့ အားလုံး ဝန်ကြီးဌာနတွေကို သတိပေးလိုက်တဲ့သဘော ဖြစ်တဲ့အတွက် ဒီမေးခွန်းက အလွန်ကောင်းတဲ့မေးခွန်း၊ နိုင်ငံအတွက် အလွန်အကျိုးရှိကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ၏ မေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ လေးမြေကျေးရွာအုပ်စု၊ လေးမြေကျေးရွာတွင် ၈ - ၁၀ - ၂၀၁၄ ရက်နေ့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံ ဆောက်လုပ်ပြီးစီးခဲ့၍ ကျေးရွာပြည်သူများက ခွင့်ပြုချက်စောင့်မျှော်နေရပြီး ယနေ့အချိန်တွင် အမှန်တကယ် အလိုအပ်ဆုံးဖြစ်သော လေးမြေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။

ဒီမှာတော့ ကျွန်တော်တို့ လေးမြေကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်မယ်ဆိုရင် ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၄၇၉)အိမ်၊ လူဦးရေ(၂၄၇၁)ဦး ဒါတွေကိုလုပ်မယ်။ အကုန်ကြည့်ပါတယ်။ ကြည့်တဲ့အခါ ကျွန်တော်တို့အနေနဲ့ ဒီမှာ မြေဧရိယာလည်း ကြည့်တယ်။ မြေစာရင်းပုံစံ (၁၀၅)(၁၀၆)ကလည်း ရရှိပြီးဖြစ်ပါတယ်။ အဆောက်အအုံကလည်း ၈-၁၀-၂၀၁၄ ရက်နေ့က ကြည့်တယ်လို့ ပြောပါတယ်။ အကျယ်ပေ (၃၀)ရှိ ပါတယ်။ အနံပေ (၃၀) အမြင့် (၁၂)ပေ RC အမျိုးအစားဖြစ်ပါတယ်။ အဲဒီတော့ လေးမြေကျေးရွာသည် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ရန်အတွက် လူဦးရေလွှမ်းခြုံမှုမှာ အခြေခံမှုနဲ့ ကိုက်ညီပါတယ်။ လူဦးရေ(၂၄၀၀)ကို လွှမ်းခြုံနိုင်ပါတယ်။ အခြေခံမှုက (၂၀၀၀) ကနေ (၃၀၀၀) ဖြစ်ပါတယ်။ သွားလာရေးခက်ခဲသော ဒေသဖြစ်ပါတယ်။ အဆောက်အအုံကလည်း ဆောက်လုပ်ပြီး ဖြစ်ပါတယ်။ အဲဒီတော့ အခြေခံမှု(၆)ချက်အနက် (၄)ချက်နှင့်ကိုက်ညီခြင်းကြောင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်သင့်ကြောင်းကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးဦးစီးဌာနကလည်း ထောက်ခံပြီးဖြစ်ပါတယ်။

အဲဒါကြောင့် လေးမြေကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ၉-၄-၂၀၁၉ ရက်စွဲပါ စာအမှတ် ၅/၄၂၆-ဖွဲ့စည်းပုံ-အဖရ (၂၀၁၉) ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြတောင်းခံထားပါတယ်။ အဲဒါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့က ရရခြင်းပဲ စာက (၉)ရက်နေ့မှရပါတယ်။ ၁၈-၄-၂၀၁၉ ရက်နေ့မှာ စာအမှတ်၊ ၁မက(က)၂၀၁၉(၇) ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြနိုင်ရန် ကျွန်တော်တို့ အမှာစာ တင်ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကတော့ Cabinet မှာ ဒီဟာ ပါလို့ရှိရင် မကြာခင် ဒီလပိုင်း (၂)ပတ် (၃)ပတ်လောက်အတွင်းမှာ ဒါကို ပြန်လည်ကျမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒါကို ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးသိမ်းဆွေ၊ ရှောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ပြည်ထောင်စု

ဝန်ကြီးဖြေကြားသွားရင်းနဲ့ ကျွန်တော်တို့ မေးခွန်း(၂)ခုပေါ့ လူနာဦးရေ ကျလာတာရယ်။ နောက် ဒီကျေးရွာကနေ လေးပုံသုံးပုံကျခံမယ်ဆိုရင် ဆိုတဲ့ မေးခွန်းလေးကို ကျွန်တော့်အနေနဲ့ ပြန်လည်ပြီး တင်ပြလိုပါတယ်။ လူနာဦးရေကျလာတာ မဟုတ်ပါဘူး။ တကယ်တော့ လူနာဦးရေက ပိုပြီး တော့တောင် တိုးနေတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဒေသက (၃)(၄)နှစ်အတွင်းမှာ စီးပွားရေး အဆင်ပြေလာကြတယ်။ စီးပွားရေး အဆင်ပြေလာကြတဲ့အတွက် ကိုယ်ပိုင်မော်တော် ကားတွေ၊ ကိုယ်ပိုင်မော်တော်တွေနဲ့ ကျန်းမာရေး ဆိုးဆိုးဝါးဝါးဖြစ်လာရင် မြို့ဆေးရုံကို ကိုယ့်အစီအစဉ် နဲ့ကိုယ် သွားကြရပါတယ်။ အဲဒီအခါမှာ အရင်တုန်းက ကျေးလက်ကျန်းမာရေးဌာနကို အကူအညီ တောင်းတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ အဲဒီလို ရောက်မလာတော့ဘဲနဲ့ စီးပွားရေးဖွံ့ဖြိုးလာတဲ့ အခါမှာ မော်တော်ကားတွေ၊ ကိုယ်ပိုင်ကားတွေ၊ မော်တော်ယာဉ်တွေနဲ့ ကျွန်တော်တို့ မော်တော်ဘုတ် တွေနဲ့ သွားကြပါတယ်။

အရင်တုန်းကဆိုရင် ဒီနေရာတွေဟာ တော်တော်ကို ဆင်းရဲနွမ်းပါးပြီး လမ်းပန်း ဆက်သွယ်ရေးလည်း အခက်အခဲ အများကြီးရှိပါတယ်။ ကျွန်တော်တို့ အရင်တုန်းကဆိုရင် တေမပုတ္တိကတို့ ဆရာမောင်ဆေးနီမှုန့်တို့ စတဲ့ မြန်မာဆေးလေးတွေနဲ့ ကုပြီးတော့ သေဆုံးခဲ့ကြတဲ့ လူတွေက အနမတဂ္ဂ အများအပြားပါ။ ကျွန်တော်တို့ ကိုယ်တိုင်ကွင်းဆင်းတဲ့အခါမှာ တွေ့ရှိခဲ့ရ ပါတယ်။ အဲဒီတော့ ကျွန်တော် အခုတင်ပြနေတာက ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေအတွက် ဦးတည်ပြီး တင်ပြပေးနေရတာလည်း ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီ နောက်မီးကျေးရွာ တိုက်နယ် ဆေးရုံ ရရှိဖို့အတွက် ပြည်သူတွေက အရမ်းမျှော်လင့်ခဲ့ကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု အားကောင်းစေဖို့အတွက်လည်း လိုအပ်တဲ့ပံ့ပိုးမှုတွေကို ကျေးရွာပြည်သူတွေကလည်း ပံ့ပိုးပေးခဲ့ကြ ပါတယ်။ မြေနေရာ လှူဒါန်းခဲ့တယ်။ အဆောက်အအုံဆောက်ရင်လည်း ကုန်ကျငွေတွေကို ရွာက ကျခံဦးမှာ ဖြစ်ပါတယ်။

ဘတ်ဂျက်အခက်အခဲရှိတယ်ဆိုရင်တော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အမျိုးသား လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေ (၄)ယောက်နဲ့ ကျေးရွာသူ၊ ကျေးရွာသားနဲ့ လုပ်ငန်းရှင်တွေစုပေါင်းပြီးတော့ အဆောက်အအုံအတွက် ကုန်ကျမယ့် ငွေပြည့်စုံအောင် အလှူရှင်တွေအနေနဲ့ ပံ့ပိုးဆောင်ရွက်ပေးနိုင်အောင်လို့ လေးပုံသုံးပုံ ကျွန်တော်တို့ ဘက်က တာဝန်ယူပါတယ်။ ကျခံပေးပါမယ်။ ကျွန်တော် ကိုယ်တိုင်လည်း တာဝန်ယူပါတယ်။ နောက်ဆုံး ကျွန်တော့်ရဲ့ မိသားစု၊ ကျွန်တော့်ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေကနေ ပြီးတော့ ထည့်ဝင် နိုင်အောင် ကြိုးစားပါမယ်။ လုပ်ငန်းရှင်တွေကိုလည်း အကူအညီတောင်းပါမယ်။

အဲဒီတော့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဒီ ကျေးရွာသူ၊ ကျေးရွာသားတွေရဲ့ မျှော်လင့်ချက်လေး မပျောက်ပျက်သွားအောင်လို့ ကျွန်တော်တို့ ဒီနှစ်မှာ နောက်ဆုံး လေးပုံသုံးပုံ မဟုတ်ဘူး။ အပြည့် ဆိုလည်း အပြည့် ကျွန်တော်တို့ ရအောင် ကြိုးစားပေးပါမယ်။ အဲဒီအတွက်

ကျွန်တော်တို့ ဒီနှစ်မှာပဲ ဒီ တိုက်နယ်ဆေးရုံလေးကိုတော့ ချထားပေးဖို့ အစီအစဉ် ရှိ/မရှိ လေးကို ဖြေကြားပေးဖို့ လေးစားစွာ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြချက်ကို သဘောတူပါတယ်။ ကျွန်တော် အမြန်ဆုံးစပြီးတော့ ကွင်းဆင်း စလုပ်သွားမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား ဥပဒေကြမ်းကော်မတီက အဆိုပြုထားသည့်အတိုင်း အတည်ပြုနိုင်ရန် တင်ပြထားသည့်အတွက်လည်းကောင်း၊ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက်လည်းကောင်း ယခု ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းခေါင်းစဉ်ကို အဆိုပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဥပဒေကြမ်း၏ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ တို့ကို အဆိုပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်း၏ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၅။**

**ဦးသောင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အနေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉) မူကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏လိုအပ်ချက်အရ အသစ်ဖွဲ့စည်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသဖြင့် ယင်းအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ဥပဒေကို ပြင်ဆင်ထားခြင်းဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉) မူကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၅၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀:၅၇။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)မူကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းခြင်းနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဇော်ဟိန်း မှ ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉) အား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)သည် အတည်ဖြစ်သည်။

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ မြန်မာ့ပင်လယ်ဆိပ်ကမ်း တစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရောမ ဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ၊ ကြီးမားသည့် မတော်တဆ ထိခိုက်မှုအန္တရာယ်များ အချိန်မရွေးဖြစ်ပေါ်စေနိုင်ပြီး၊ ပမာဏများပြားသော ဆီယိုဖိတ်မှုများ(Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံး အန္တရာယ်ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင် စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့် တစ်ပြေးညီ စီမံရေးဆွဲပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း က မြန်မာ့ပင်လယ် ဆိပ်ကမ်း တစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရောမ ဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ၊ ကြီးမားသည့် မတော်တဆ ထိခိုက်မှု အန္တရာယ်များ အချိန်မရွေးဖြစ်ပေါ်စေနိုင်ပြီး၊ ပမာဏများပြားသည့် ဆီယိုဖိတ်မှုများ(Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စု အစိုးရမှ အချိန်မီနှင့် အမြန်ဆုံး အန္တရာယ် ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့် တစ်ပြေးညီ စီမံ ရေးဆွဲပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမောင်မောင်အုန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၉။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တက်ရောက်လေ့လာသူများနှင့် မြန်မာ

ပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့သာယာရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ အခု ဥက္ကဋ္ဌကြီး ဖတ်ကြားတင်ပြခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီး အကျိုးအကြောင်းပြကာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် လေးစားစွာ တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ (၄၀)မြောက် အကြီးဆုံးနိုင်ငံ အရှေ့တောင်အာရှမှာဒုတိယအကြီးဆုံးဖြစ်တဲ့ မြန်မာနိုင်ငံဟာ မိုင်ပေါင်း(၁၂၀၀)ကျော်၊ ကီလိုမီတာ(၂၂၃၀)ကျော် ရှည်လျားတဲ့ ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပါတယ်။ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ဟာ ဖော်ပြပါ ကမ်းရိုးတန်းတို့နှင့် ထိစပ်နေတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးများ ဖြစ်ကြပါတယ်။ မြန်မာ့ပင်လယ်ပြင်မှ သဘာဝအရင်းအမြစ်များနှင့် ရေမြေ တောတောင်သဘာဝ အလှအပတို့ဟာ တန်ဖိုးဖြတ်မရနိုင်တဲ့ နိုင်ငံတော်ပိုင် ရတနာများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရေရှည်အကျိုးနဲ့ မျိုးဆက်သစ်တို့အတွက် ကာကွယ်ရမှာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများမှာ ပုဒ်မ ၃၇(ခ)မှာ နိုင်ငံပိုင်သယံဇာတ ပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့်မို့လို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ နံပါတ်(၁) မြန်မာ့ပင်လယ်ရေနက် မြစ်ချောင်းများမှာ သင်္ဘောစက်မောင်းဆီနဲ့ ရေနံစိမ်းတွေ ယိုဖိတ်မှု မဖြစ်ပွားမီ ထိခိုက်နစ်နာဆုံးရှုံးမှုများ နည်းပါးစေရန်အတွက် စိတ်ချရသော ကြိုတင်ပြင်ဆင်မှု အစီအမံ (Emergency Preparedness Oil Pollution Contingency Plan)၊ အရေးပေါ်ဖြေရှင်းမှု အစီအမံများ (Emergency Response Plan) ပြင်ဆင်ထားရှိရန်နှင့် ဆီယိုဖိတ်မှုများဖြစ်လာပါက ကျူးလွန်မှုအတွက် ပြစ်မှုနှင့်ပြစ်ဒဏ် ချမှတ်နိုင်ရန်လည်းကောင်း၊ မိမိတို့၏ ပိုင်နက်ပင်လယ်နှင့် ကမ်းရိုးတန်းတလျှောက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနစ်နာဆုံးရှုံးမှုနှင့် ဒေသခံပြည်သူ တို့၏ လူမှုစီးပွားဘဝ ဆုံးရှုံးနစ်နာမှုများအတွက် ထိုက်သင့်သည့် လျော်ကြေးများရရှိစေရန်အတွက် လည်းကောင်း၊ ရေနံယိုဖိတ်မှုများအတွက် နိုင်ငံတကာအဆင့်မီ သီးခြားအာမခံထားရှိမှုများနှင့် ယိုဖိတ်ဆီများရှင်းလင်းရန် ကုန်ကျစရိတ်အတွက် တာဝန်ယူမှုများကို သင်္ဘောပိုင်ရှင်များနှင့် ယင်းတို့ရဲ့ အာမခံကုမ္ပဏီများမှ မဖြစ်မနေပေးဆောင်စေရန် တာဝန်ရှိမှုများ (Liabilities) ကို သတ်မှတ်နိုင်စေရန်အတွက်ဖြစ်ပါတယ်။

နံပါတ်(၂)အချက်အနေနဲ့ ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသော ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ အစိုးရများက မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးများရဲ့ သဘာဝ ရေမြေတော

တောင်နှင့်အညီ ဆီလျော်သည့် မူဝါဒနှင့် နည်းဥပဒေများကို တစ်ပြေးညီ ကြိုတင်စီမံထားဖို့ ရည်ရွယ်ပါတယ်။

နံပါတ်(၃)အနေနဲ့ မိမိတို့ ရေပိုင်နက်အတွင်းသာမက ပိုင်နက်ပင်လယ် (EEZ)နဲ့ ဆက်စပ်လျက်ရှိတဲ့ အိမ်နီးချင်းနိုင်ငံများမှာ ရေနံယိုဖိတ်မှုများဖြစ်ပေါ်ပြီး မိမိတို့ပိုင်နက် ပင်လယ်နှင့် ကမ်းရိုးတန်းသို့ ပျံ့နှံ့လာခြင်း၊ မိမိတို့ဆီမှ ထိုနိုင်ငံများသို့ ပျံ့နှံ့လာခြင်း၊ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် လူမှုရေးဆိုင်ရာ နစ်နာဆုံးရှုံးမှုများအတွက် တရားမျှတပြီး လုံလောက်သောနစ်နာကြေးများ သတ်မှတ်ရန်နှင့် တာဝန်ရှိမှုပြဿနာများအား အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ တစ်ပြေးညီ ချမှတ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံယိုဖိတ်မှုဖြစ်စဉ်ကြောင့် သင်္ဘောပိုင်ရှင်နဲ့ ယင်းရဲ့ အာမခံကုမ္ပဏီများဟာ လျော်ကြေးပေးတဲ့အခါမှာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအရ ရေနံယိုဖိတ်ခံရတဲ့နိုင်ငံရဲ့ ဥပဒေအတိုင်းသာ ပေးလျော်ရပါတယ်။ လက်ရှိ မိမိတို့နိုင်ငံအနေနဲ့ ရေနံယိုဖိတ်မှုနဲ့ပတ်သက်တဲ့ဥပဒေ လုံးဝမရှိတဲ့အခြေအနေဖြစ်နေတဲ့အတွက် ရေနံယိုဖိတ်မှု ဖြစ်ပွားခဲ့ပါက ပြစ်မှု၊ ပြစ်ဒဏ်များ မချနိုင်တဲ့အပြင် လျော်ကြေးငွေကိုလည်း လုံးဝရနိုင်မည်မဟုတ်ပါ။ သာမန်အားဖြင့် သင်္ဘောဟာ ဆီယိုဖိတ်မှုအတွက် လျော်ကြေးပေးနိုင်ရန် အမေရိကန်ဒေါ်လာ (၁) ဘီလီယံကို မဖြစ်မနေ အာမခံထားကြရပါတယ်။

ရခိုင်ပြည်နယ်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းမှာ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတစ်ခုနဲ့ ရေနံပိုက်လိုင်းတစ်ခု စုစုပေါင်းပိုက်လိုင်းနှစ်ခု တည်ဆောက်သွယ်တန်းထားတာ ရှိပါတယ်။ ယခုတင်ပြလိုတဲ့ မဒေးကျွန်းမှစတင်ကာ တရုတ်နိုင်ငံသို့ တစ်နှစ်မှာ ရေနံစိမ်းတန်ချိန်ပေါင်း (၂၂)သန်းခန့် သယ်ယူနေတဲ့ ရေနံကုန်ချဆိပ်ကမ်း (Oil Discharge Terminal) နဲ့ ဆက်စပ်နေပါတယ်။ တရုတ်ရေနံကော်ပိုရေးရှင်း-အရှေ့တောင်အာရှ ပိုက်လိုင်းကုမ္ပဏီဟာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)နဲ့ အကျိုးတူပူးပေါင်းပြီး ဟောင်ကောင်အခြေစိုက် ဖက်စပ်ကုမ္ပဏီ၊ အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီကို ထူထောင်၍ ရေနံစိမ်းပိုက်လိုင်းများကို တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဖော်ပြပါ စီမံကိန်းအရ တန်ချိန် ၂၀၀၀၀၀ နဲ့ ၃၀၀၀၀၀ တင်ဆောင်နိုင်တဲ့ အလွန်ကြီးမားတဲ့ ရေနံစိမ်းတင်သင်္ဘောကြီး (VLCC – Very Large Crude Oil Carrier) များ တစ်နှစ်လျှင် စီးရေ(၇၀)ကျော်ခန့်၊ တစ်နည်းအားဖြင့် တစ်လမှာ(၆)စီး၊ (၇)စီးခန့် အဆိုပါ မဒေးကျွန်း ရေနက်ဆိပ်ကမ်းကို ရေနံစိမ်းကုန်ချရန်အတွက် ဆိုက်ကပ်ရမည်ဖြစ်ပါတယ်။ မြန်မာ့ရေပိုင်နက်အတွင်းကို သင်္ဘောတွေ ဝင်လာတဲ့အခါဖြစ်စေ၊ ဆိပ်ကမ်း ဝင်/ထွက်စဉ်ဖြစ်စေ၊ ကမ်းကပ်ရပ်နားပြီး ကုန်ချ

နေစဉ်ဖြစ်စေ၊ လူကြောင့်သော်လည်းကောင်း၊ စက်ပစ္စည်းကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ ယိုဖိတ်ကာ ပင်လယ်အတွင်းသို့ ကျရောက်မှုများ အချိန်မရွေးဖြစ်ပေါ်လာနိုင်ပါတယ်။

ဖြစ်နိုင်ခြေများမှာ (၁) အမေရိကန်နိုင်ငံမှာ ဖြစ်ခဲ့ဖူးတဲ့ (9/11–2001 Attack on World Trade Center) World Trade Centre ကို တိုက်ခိုက်တဲ့ အကြမ်းဖက်မှုမျိုးများ၊ (၂) ရေနံများကို ပိုက်လိုင်းနှင့် ကုန်ချစဉ် မတော်တဆဖြစ်နိုင်မှု၊ နံပါတ်(၃) သင်္ဘောအချင်းချင်းတိုက်ခိုက်ခြင်း၊ နံပါတ်(၄) သင်္ဘောများ သောင်တင်ကာ ဝမ်းဗိုက်ပေါက်ခြင်း၊ ခါးကျိုးခြင်းများနှင့် နံပါတ်(၅) မုန်တိုင်းနှင့်ဆုံတဲ့အခါ မြောက်မြားစွာသော မတော်တဆမှုများကြောင့် ဆီများ ပင်လယ်အတွင်းကို ယိုဖိတ်မှုများ ဖြစ်ပွားနိုင်ပါတယ်။ ထို့အပြင် ထုထည်နှင့် အလေးချိန်ကြီးမားတဲ့ သင်္ဘောကြီးများဖြစ်တဲ့အတွက် ရွေ့လျားမှုအရှိန် (Momentum)ကြီးမား၍ ထိန်းသိမ်းကိုင်တွယ်ရာမှ ချွတ်ချော်မှားယွင်းမှု (Navigational Error) များ ဖြစ်ပေါ်နိုင်ခြေများရှိကာ အန္တရာယ်များ ပိုမိုကြီးမားလှပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာတင်ပြရရင် ၂၀၁၈ ခုနှစ်အတွင်းမှာ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှာ ကပ်ထားတဲ့ ဆီအပြည့်တင်ထားတဲ့ သင်္ဘောကြီးတစ်စီး ကမ်းကပ်ထားစဉ် ရာသီဥတုဆိုးရွားမှုကြောင့် သင်္ဘောချည်တဲ့ကြိုး ပြတ်ထွက်သော မတော်တဆမှုများဟာ မြန်မာ့ပင်လယ်ပြင်ကို ဆီယိုဖိတ်မှုအန္တရာယ်မှ အမြန်ဆုံးကာကွယ်ဖို့ရန် တပ်လှန့်လိုက်သကဲ့သို့ ဖြစ်နေပါတယ်။ အရှေ့တောင်အာရှမှာ အကြီးမားဆုံး ယိုဖိတ်မှုဟာ ၇–၁–၂၀၁၈ ရက်နေ့က အရှေ့တရုတ်ပင်လယ်၊ ရှန်ဟိုင်းမြို့မှ မိုင်(၁၆၀)ခန့် အကွာအဝေး မှာရှိတဲ့ အီရန်နိုင်ငံအလံတင် ဆန်ချီရေနံတင်သင်္ဘောနှင့် ဟောင်ကောင်အလံတင် CF Crystal သင်္ဘောတို့ တိုက်ခိုက်မိကာ ဆန်ချီသင်္ဘောနစ်မြုပ်သွားပြီး စေးပြစ်မှုအလွန်ကျဲတဲ့ဆီ (Ultra– Light Crude Oil) ၁၃၆၀၀ တန် ပင်လယ်တွင်း ယိုဖိတ်မီးလောင်ခဲ့ပါတယ်။ သင်္ဘောသား (၃၂)ဦးပါ အသက်ဆုံးရှုံးခဲ့ပါတယ်။

ဒုတိယအကြီးဆုံးဖြစ်ရပ်ကတော့ ၂၀၀၇ ခုနှစ် တောင်ကိုရီးယားဆိပ်ကမ်းမှာ ကျောက်ချထားတဲ့ သင်္ဘောနှစ်စီး အချင်းချင်းတိုက်မိရာမှ ရေနံစိမ်းဆီ တန်ချိန် (၁၁၀၀၀)ခန့် ပင်လယ်တွင်း ယိုဖိတ်ခြင်းဖြစ်ခဲ့ပါတယ်။ လူသားအရင်းအမြစ်များကို အရည်အသွေးနဲ့ အရည်အချင်း မြှင့်တင်ခြင်းတွေဘယ်လောက်ပဲလုပ်ပါသော်လည်း မတော်တဆမှုနဲ့ ဆီယိုဖိတ်မှုတွေဟာ ရံဖန်ရံခါမှာ မလွဲမသွေဖြစ်နေဦးမယ်ဆိုတာ သေချာတဲ့နိယာမတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းမှာ ၂–၃–၁၉၈၉ ရက်နေ့မှာ ပင်လယ်တွင်း ဆီယိုဖိတ်မှု (Oil Spill) အဆိုးရွားဆုံးနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအများဆုံးကို ဖြစ်စေခဲ့တာကတော့ ဆီတန်ချိန် (၂၀၀၀၀၀) သယ်ဆောင်လာတဲ့ M.T Exxon Valdex သင်္ဘောနှင့် အမေရိကန်နိုင်ငံ (Alaska) ပြည်နယ်မှ သန္တာကျောက်တန်းနှင့် တိုက်မိတဲ့အခါမှာ ရေနံစိမ်း(Crude Oil) ဆီတန်ချိန်ပေါင်း (၄၀၀၀၀)ကျော် ယိုဖိတ်ကာ ပင်လယ်ရေထုအတွင်း ဆီများဖြင့် ညစ်ညမ်းခြင်း

(Oil Pollution) ဟာ (Alaska) ကမ်းရိုးတန်းတစ်လျှောက် ကီလိုမီတာ (၂၁၀၀)ကျော်အထိနှင့် ပင်လယ်ပြင်ဧရိယာပေါ် (၂၈၀၀၀) စတုရန်းမီတာကျော် ဆီထုဖုံးလွှမ်း ညစ်ညမ်းစေခဲ့ပါတယ်။

အမေရိကန်တရားရုံးမှ ဆီယိုဖိတ်မှုကြောင့် (၁) ဒေသခံများ၏ နစ်နာမှုများနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ညစ်နွမ်းမှုများ အမှန်တကယ်ပျက်စီးမှုအတွက် အမေရိကန်ဒေါ်လာ(၂၈၇)သန်း (Actual Damage U.S $ 287 million) နှင့် ပြစ်ဒဏ်အဖြစ် ဒေါ်လာ(၅)သန်း ချမှတ်ခဲ့ပါတယ်။ သို့သော် အယူခံအကြိမ်ကြိမ်ဝင်ကာ နောက်ဆုံးစီရင်ချက်မှာ ပြစ်ဒဏ်ကို အမေရိကန်ဒေါ်လာ(၅၀၇)သန်း ပေးလျော်ရပါတယ်။ Exxon ကုမ္ပဏီအနေနဲ့ တရားရုံးပြင်ပ ကုန်ကျစရိတ်အဖြစ် ဖိတ်စင်ခဲ့တဲ့ ဆီများ ရှင်းလင်းရန်အတွက် အမေရိကန်ဒေါ်လာ (၄)ဘီလီယံခန့်နှင့် ဒေသခံလုပ်ငန်းရှင်များနှင့် တာဝန်ရှိ သူများမှ တရားစွဲဆိုမှုများကို ကျေအေးရန် တရားမမှုနှင့် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်များ (Civilian & Criminal Charges) အတွက် (၁)ဘီလီယံကျော်သုံးစွဲကာ ပေးလျော်ခဲ့ရပါတယ်။

နှစ်ပေါင်းများစွာ စနစ်တကျနှင့် ခိုင်မာတဲ့ဥပဒေရှိနေသော အမေရိကန်လိုနိုင်ငံကြီးမှတောင် အမှုကို (၁၀)နှစ်ကျော် ကြာစေရန်နှင့် ဒဏ်ကြေးငွေကို လျော့နည်းပေးဆောင်ရစေရန် နိုင်ငံတကာ ကုမ္ပဏီကြီးတွေက လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ မိမိတို့နိုင်ငံလို နိုင်ငံငယ်လေးတွေအတွက် ဥပဒေကလည်း မပြည့်စုံ၊ မခိုင်မာသော အခြေအနေမှာ အထက်ပါကဲ့သို့ ဆီယိုဖိတ်မှုများဖြစ်ပွားလျှင် တွေးဝံ့စရာမရှိပါ။ အန္တရာယ်ဖြစ်နိုင်ခြေ (Risk Potential) ပိုမိုများလာနေပါတယ်။ ပင်လယ်တွင်း ဆီယိုဖိတ်မှု (Oil Spill at Sea) ဖြစ်ခဲ့သော် အဆိုပါဒေသရှိ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း (Environmental Impact) လူမှုဝန်းကျင် ထိခိုက်နစ်နာခြင်း၊ (Social Impact) လူနှင့် သတ္တဝါများ ကျန်းမာသန်စွမ်းရေးထိခိုက်ခြင်း၊ (Health Impact) နှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း (Weather Change Effect) စသည်များ ဆက်တိုက်ဖြစ်ပေါ် တွေ့ကြုံရပါတယ်။ သက်ဆိုင်ရာဒေသရှိ ကုန်း၊ ရေ၊ လေထဲတွင် နေထိုင်ကျက်စားတဲ့ ငှက်များ၊ ဖျံများ၊ ငါးများ၊ ဝေလငါးများ စသည့် ရေသတ္တဝါမျိုးစုံနှင့် ငါးမျိုးစိတ်များ သဘာဝအလှအပ သန္တာကျောက်တန်းများနှင့် ဂေဟစနစ်များ ပျက်သုဉ်းကြရပါတယ်။

အကယ်၍ ဆီယိုဖိတ်မှုဖြစ်လာခဲ့ပါက ဆီလွှာပြင်ကြီးဟာ ဒီရေအတက်အကျ၊ ပင်လယ် ရေစီးကြောင်းတိုက်ခတ်တဲ့ လေနဲ့အတူ ပျံ့နှံ့မျောပါကာ မြန်မာ့ကမ်းရိုးတန်းနှင့် အနီးဆုံးရှိတဲ့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့ပါ ဆီယိုဖိတ်တဲ့ ရေနံစိမ်းတွေ ပျံ့နှံ့သွားရှိ နိုင်ကာ အာရှဒေသအတွင်း ပြဿနာတွေ ဆက်တိုက်ဖြေရှင်းကြရမှာ ဖြစ်ပါတယ်။ အမှတ်(၇) မိမိတို့ မြန်မာနိုင်ငံဟာ ၁၉၅၁ ခုနှစ်မှစတင်ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့တဲ့ ကမ္ဘာ့ပင်လယ်ရေကြောင်း လောကမှာ ဦးဆောင်မှု အစဉ်အလာကောင်းတဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။ ယနေ့ ကမ္ဘာ့ရေကြောင်း လောကမှာ ထိပ်တန်းရောက်ရှိနေတဲ့ ဖိလစ်ပိုင်နိုင်ငံဟာ ၁၉၆၄ ခုနှစ်မှ ဝင်တာပါ။ အိန္ဒိယဟာ ၁၉၅၉ ခုနှစ်

သင်္ဘောများ တည်ဆောက်မှုနဲ့ ပြင်ဆင်မှုမှာ နာမည်ကြီးနေတဲ့ တရုတ်နိုင်ငံတောင်မှပဲ ၁၉၇၃ ခုနှစ်မှ ဝင်တာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံကတော့ ၁၉၆၆ ခုနှစ်မှာ အဖွဲ့ဝင်နိုင်ငံအသီးသီး ဖြစ်လာခဲ့ပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံ အဖွဲ့ဝင်ဖြစ်ပြီးတဲ့နောက် IMO အဖွဲ့ဝင်ဖြစ်ခဲ့ကြတဲ့နိုင်ငံတွေဟာ ယင်းတို့နိုင်ငံကို အကာအကွယ်ပေးတဲ့ ဥပဒေများကို ပြည့်စုံစွာ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း မိမိတို့မှာ နိုင်ငံတော်နှင့် နိုင်ငံသားများကို အကာအကွယ်ပေးတဲ့ ပင်လယ်ရေကြောင်းဖက်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းထားရှိမှု အလွန်နည်းပါးလျက်ရှိပါတယ်။ နိုင်ငံတကာ သဘောတူညီချက်တစ်ခုဖြစ်တဲ့ The International Convention for the Oil Pollution ကို ၁၉၇၃ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ အဆိုပါ ကွန်ဗင်းရှင်းအရ ကမ္ဘာ့အဆင့်မီ ကျွမ်းကျင်ပညာရှင်များပါတဲ့ ကော်မတီတစ်ခုကို ခေတ်၊ စနစ်၊ နည်းပညာ မတော်တဆဖြစ်ခဲ့မှုများအပေါ် အခြေခံလျက် စည်းကမ်းချက်အသစ်များ နှစ်စဉ်ထုတ်ပြန်ကာ အသိပေးလိုက်နာစေခဲ့ပါတယ်။ ပင်လယ်ပြင် ညစ်ညမ်းမှု ကာကွယ်တားဆီးရန် စည်းကမ်းချက်များချမှတ်ခဲ့ရာ ပူးတွဲပါ ကြေညာချက်(၆)မျိုး (MARPOL Annex I to VI) သင်္ဘောများမှ (၁) ဆီကြောင့် ညစ်ညမ်းမှု၊ (၂) အန္တရာယ်ရှိသည့် ဓာတ်ငွေ့များ၊ (၃) ဓာတုပစ္စည်းများဆိုင်ရာ ညစ်ညမ်းမှု၊ (၄) ရေဆိုးများကြောင့် ညစ်ညမ်းမှု၊ (၅) ပလတ်စတစ်နှင့် အမှိုက်များကြောင့် ညစ်ညမ်းမှု၊ (၆) စက်များမှထွက်ရှိသော မီးခိုးများကြောင့် လေထုညစ်ညမ်းမှုတို့ ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်းဆိုင်ရာ ညစ်ညမ်းမှုအတွက် ပထမဦးဆုံး အထက်ပါ ကာကွယ်တားဆီးခြင်းဆိုင်ရာ ဥပဒေများ ရှိဖို့လိုအပ်ပါတယ်။ Annex (I) ကို IMO နှင့် သဘောတူလက်မှတ်ထိုးထားသော်လည်း မိမိတို့နိုင်ငံ ဆီလျှံခြင်းဆိုင်ရာ (Oil Pollution Act) ကို မြန်မာနိုင်ငံမှာ ဥပဒေအနေနဲ့ ပြဋ္ဌာန်းရခြင်း မရှိသေးပါဘူး။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ အမြန်ဆုံး အကောင်အထည်ဖော်သင့်ပါသည်။ မိမိတို့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိရောက်စွာ အကာအကွယ်ပေးနိုင်တဲ့ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအတိုင်း (၁) ဆီလျှံခြင်းဆိုင်ရာ ဥပဒေ၊ (၂) ဆီလျှံခြင်းအတွက် အရေးပေါ်တုံ့ပြန်သည့် အစီအမံများနှင့် (၃) ဆီလျှံခြင်းအတွက် ကာကွယ်တားဆီးဆောင်ရွက်မည့် အဖွဲ့များ မြေပြင်နှင့် ရေပြင်တို့မှာ အသင့်ရှိနေကြရတော့မလို ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက ရပိုင်ခွင့်ကို ထိုက်သင့်တဲ့ ငွေကြေးတောင်းဆိုဖို့အတွက် ပြည်ထောင်စုဆိုင်ရာနဲ့ ဒေသဆိုင်ရာ ဥပဒေများကို ခိုင်မာပြီးပြည့်စုံစွာ ပြဋ္ဌာန်းမှသာ ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်မှတ်ရေးထိုးထားတဲ့ အများပြည်သူ လျော်ကြေးဆိုင်ရာ သဘောတူညီစာချုပ် (CLC 1992– Civil Liability Convention) ဟာ ဆီတင်သင်္ဘောများကိုသာ သက်ရောက်တာဖြစ်ပါတယ်။ ဆီလျှံမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးမှု၊ ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ နစ်နာမှုများအတွက် နစ်နာကြေး

ရရန် နောက်ထပ်သဘောတူစာချုပ် (1992– Fund Convention) နဲ့ (Suppientary Fund Protocol) အမြန်ဆုံး ပါဝင်လက်မှတ်ရေးထိုးကြကာ ဝင်ကြေးကို သင်္ဘောနဲ့ သယ်ယူလာတဲ့ ဆီပိုင်ရှင်တရုတ်နိုင်ငံဘက်မှ ကျခံစေရမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာ့ပင်လယ်ပိုင်နက်နှင့် ကမ်းရိုးတန်းများကို လူလုပ်ဘေးအန္တရာယ်ဖြစ်သော သင်္ဘောများမှ ဆီလျှံခြင်းနှင့် တစ်ဆက်တည်း ဖြစ်နိုင်သော ဆိုးကျိုးများကို အမြန်ဆုံး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးစားစွာ အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


မြန်မာ့ကမ်းရိုးတန်း၊ ရေပိုင်နက်နှင့် အထူးစီးပွားရေးဇုန်နယ် မြင်ကွင်းပုံ (၉)




ကျောက်ဖြူ ရေနက်ဆိပ်ကမ်း မြင်ကွင်းပုံ (၉–၁)



Pollution impacts on Marine Ecosystem ပြပုံ (၈-၂)




**အချိန်၊ ၁၁:၁၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၁၄။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း တင်သွင်းတဲ့ အဆိုဟာ ရှည်လျားစွာ တည်ရှိနေတဲ့ မြန်မာနိုင်ငံ ကမ်းရိုးတန်းတွေ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ထိခိုက်မှာတွေကို ကာကွယ်ဖို့ မြန်မာ့အဏ္ဏဝါရဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေကို ထိန်းသိမ်းဖို့ မြန်မာ့ပင်လယ်ပြင်ရဲ့ ရေထုနဲ့ ဂေဟာစနစ်ကို စောင့်ရှောက်နိုင်ဖို့ အတွက် ကျွန်တော်တို့နိုင်ငံမှာ အရေးတကြီး လိုအပ်နေပြီဖြစ်တဲ့ ဥပဒေတွေ၊ အစီအမံတွေကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်နှင့် ပြည်သူများရဲ့အကျိုးကို ရည်ရွယ်ပြီးတော့ တင်သွင်းတဲ့ အဆိုကောင်းတစ်ရပ်ဖြစ်တဲ့အတွက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဦးထွန်းထွန်းဦး က လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၁:၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်မောင်အုန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာ့ ပင်လယ်ဆိပ်ကမ်းတစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်

အရှယ်ရှိ ဧရာမ ဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ၊ ကြီးမားသည့် မတော်တဆထိခိုက်မှုအန္တရာယ်များ အချိန်မရွေးဖြစ်ပေါ်စေနိုင်ပြီး၊ ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန် အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံး အန္တရာယ်ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့အတွက် ဦးမောင်မောင်အုန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ ဦးမောင်မောင်အုန်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို

၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁:၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]